မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၁၁ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် ( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက် ) } သောကြာနေ့ [ အတွဲ ၇၀

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

**တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင် ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ အမှတ် (၁၂) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ဗိုလ်မှူးကြီး ကျော်ဇေယျ ကို တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

**ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၅၂၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးနှင့်

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးမင်းမင်းဦး ကို မိမိသဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၄/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )

**ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မျိုးတင် ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ အမှတ် (၁၄) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ဗိုလ်မှူးကြီး မြင့်ဝေ ကို ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)

**မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ကျိုက်ထိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးဇံ ကို မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )

**အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်းခြင်း**

၁။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန် **"အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသား ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးသိန်းဆွေ<br>ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးလှကျော်<br>ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဦးမျိုးအောင်<br>အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒေါက်တာခင်ဇော်<br>အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဝင်းခန့်<br>အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးထွန်းထွန်းနိုင်<br>အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးရည်မွန်<br>အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်အေးအေးဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်နိုင်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးအောင်သွင်ဦး<br>ညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဠ) ဦးဝင်းဇော် အဖွဲ့ဝင်
ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့

(ဌ) ဦးနော်အောင် အဖွဲ့ဝင်
ကုန်ထုတ်လုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံစက်မှုလက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ
အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

(ဍ) ဒေါ်ခိုင်ဇာအောင် အဖွဲ့ဝင်
ဝန်ဆောင်မှုလုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့

(ဎ) ဦးနိုင်သိန်းအောင် အဖွဲ့ဝင်
စိုက်ပျိုးရေးလုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေး၊ အလုပ်သမားနှင့်
စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ
အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

(ဏ) ဦးတင်မြင့် အဖွဲ့ဝင်
မွေးမြူရေးလုပ်ငန်း
အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်
ရေလုပ်သားအလုပ်သမားအဖွဲ့အစည်း
လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

(တ) ဒေါ်ရင်ရင်ဝင်း အဖွဲ့ဝင်
ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း

(ထ) ဒေါ်ခိုင်ခိုင်နွယ် အဖွဲ့ဝင်
ကုန်ထုတ်လုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

(ဒ) ဒေါ်ဝါဝါမင်း အဖွဲ့ဝင်
ဝန်ဆောင်မှုလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း

(ဓ) ဦးလူမော်မြင့်မောင် အဖွဲ့ဝင်
စိုက်ပျိုးရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း

(န) ဒေါက်တာခင်လှိုင် အဖွဲ့ဝင်
မွေးမြူရေးလုပ်ငန်း
အလုပ်ရှင်အဖွဲ့အစည်းကိုယ်စားလှယ်
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

(ပ) ဒေါက်တာဇော်ဦး အဖွဲ့ဝင်
Myanmar Development Resource Institute

(ဖ) ဒေါက်တာသန်းဝင်း　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

(ဗ) ဦးစိန်လှ　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန

(ဘ) ဦးခင်မောင်ညို (ဘောဂဗေဒ)　အဖွဲ့ဝင်
စီးပွားရေးသုတေသီ

(မ) ဒေါက်တာမျိုးမျိုးမြင့်　အဖွဲ့ဝင်
Center for Economy, Environment and Society Myanmar

(ယ) ညွှန်ကြားရေးမှူးချုပ်　အတွင်းရေးမှူး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

(ရ) ဦးဝင်းရှိန်　တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအတွက် အခြေခံသင့်သည့်အချက်များနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့်မူဝါဒများချမှတ်ခြင်း။

(ခ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များ တင်ပြနိုင်ရန် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလုပ်သမားနှင့် အလုပ်ရှင်တို့၏ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

(ဂ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအတွက် သုတေသနပြုလုပ်ချက်နှင့် စစ်တမ်းများကို လေ့လာစိစစ်တွက်ချက်ပြီး အကြံပြုချက်များတင်ပြရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော အမျိုးသားအဆင့်မူဝါဒများနှင့်အညီ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများအား လမ်းညွှန်ခြင်း။

(ဃ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ရာတွင် အခြေခံသင့်သည့်အချက်များနှင့်စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ စာရင်းစစ်တမ်းများကောက်ယူ၍ စိစစ်တွက်ချက်ခြင်း၊ စီမံကိန်းများနှင့် အစီအစဉ်များ ချမှတ်ခြင်း။

(င) အနည်းဆုံးအခကြေးငွေကို နိုင်ငံတစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသအလိုက်သော်လည်းကောင်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအမျိုးအစားအလိုက်သော်လည်းကောင်း၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများ၏ အကြံပြုချက်များကို လေ့လာစိစစ်ပြီး ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေအခန်း (၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အနည်းဆုံးအခကြေးငွေ နှုန်းထားများကို သတ်မှတ်၍ အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း။

(စ) ပုဒ်မခွဲ (င) အရ အမိန့်ကြော်ငြာစာထုတ်ပြန်မည့် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားများတွင် အလုပ်ကျွမ်းကျင်မှုအလိုက် အလုပ်ချိန် တစ်နာရီ၊ တစ်ရက်၊ ရက်သတ္တပတ်၊ တစ်လအတွက် အခကြေးငွေ သို့မဟုတ် အခြားအချိန်ပိုင်း အလုပ်တစ်ခုခုအတွက် အခကြေးငွေနှုန်းထားကို လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှု အလားအလာအပေါ် လေ့လာစိစစ်ပြီး ထည့်သွင်းဖော်ပြခြင်း။

(ဆ) အမျိုးသားကော်မတီ၏ အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားအပေါ် ကန့်ကွက်ချက်ရှိခဲ့လျှင် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီ၏ သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် ညှိနှိုင်းစေပြီး ပြန်လည်တင်ပြသည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီ၏ သုံးပွင့်ဆိုင် ကိုယ်စားလှယ်များဖြင့် စိစစ်၍ သတ်မှတ်သင့်သော အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

(ဇ) သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေနှုန်းထားကို ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအမျိုးအစားအလိုက် သော်လည်းကောင်း၊ ဒေသအလိုက်သော်လည်းကောင်း အလုပ်ကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ရှိနိုင်မှုတို့ကိုခွဲခြား၍ ပြောင်းလဲလာသော အခြေအနေအရပ်ရပ်တို့နှင့်အညီ စိစစ်ပြီး နှစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြင်ဆင်သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကြေညာခြင်း။

(ဈ) အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး၊ ပြန်လည်သုံးသပ်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သော လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

(ည) အမျိုးသားကော်မတီ၏ ပုံမှန်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို သတ်မှတ်ချက်များနှင့် အညီ ကျင်းပခြင်း။

(ဋ) အမျိုးသားကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အခါအားလျော်စွာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

၃။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၁၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဦးတင်မြင့် | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
| --- | --- |
| (ခ) ဦးကံချွန် | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း<br>စက်မှုဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
| --- | --- |
| (က) ဦးမျိုးတင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဦးမင်းဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ကျော်ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

## ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်နှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲအစည်းအဝေးများ ကျင်းပနိုင်ရန်အတွက် **"ထားဝယ်အထူးစီးပွားရေးဇုန်နှင့်ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီ"** နှင့် **"ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(၁) **ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာအဆင့်မြင့်ကော်မတီ**

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဝန်ကြီးချုပ်<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |

(ရ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဌ) ဥက္ကဋ္ဌ — တွဲဖက်အတွင်းရေးမှူး
ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ

(၂) **ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့**

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(င) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဆ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဇ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဍ) ဥက္ကဋ္ဌ — အတွင်းရေးမှူး
ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ

(ဎ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၁ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (၁) ဒေါ်နုနုယဉ် | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (၂) ဒေါ်ခင်ချိုအုန်း | ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (၃) ဒေါ်မြင့်မြင့်ကြည် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၄) ဒေါ်မေမာလာမောင်ကြီး | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေ<br>စည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၅) ဒေါ်သီတာမျိုးအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၆) ဦးဝင်းသော် | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

(ပုံ) ထင်ကျော်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**ရေခွန်နှင့်တာတမံခွန်ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ရေခွန်နှင့်တာတမံခွန်ဥပဒေကြမ်း**ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

**ရေခွန်နှင့်တာတမံခွန်ဥပဒေ (မူကြမ်း)**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

၁၃၇၈ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို **ရေခွန်နှင့်တာတမံခွန်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာသက်ရောက်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **လယ်ယာမြေ**ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း သတ်မှတ်သည့်မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများ မပါဝင်။

(ခ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် ရေခွန်နှင့်တာတမံခွန်ကို ဆိုသည်။

(ဂ) **အခွန်ထမ်း**ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့်ပုဂ္ဂိုလ်ကို ဆိုသည်။

(ဃ) **စည်းကြပ်**ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်သတ်မှတ်ကောက်ခံခြင်းကို ဆိုသည်။

(င) **ရေခွန်**ဆိုသည်မှာ ဤဥပဒေအရ ဆည်ရေသောက်ဧရိယာတွင် စည်းကြပ်ကောက်ခံသည့် ရေခွန်ကို ဆိုသည်။

(စ) **တာတမံခွန်**ဆိုသည်မှာ ဤဥပဒေအရ ရေဘေးကာကွယ်သည့် ဧရိယာတွင် စည်းကြပ်ကောက်ခံသည့် တာတမံခွန်ကို ဆိုသည်။

(ဆ) **ဆည်ရေသောက်ဧရိယာ**ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထားသော ဆည်၊ ကန်၊ တူးမြောင်း၊ ရေတံခါး၊ ရေနုတ်မြောင်းမှ ဆည်ရေမျက်နှာပြင် အနိမ့်အမြင့်အရ သဘာဝနည်းဖြင့် ဆည်ရေရောက်ရှိနိုင်သော သို့မဟုတ် ဆည်ရေရယူအသုံးပြုနိုင်သော မြေဧရိယာကို ဆိုသည်။

(ဇ) **ရေဘေးကာကွယ်သည့်ဧရိယာ**ဆိုသည်မှာ နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသော တာတမံ၊ ရေနုတ်မြောင်း၊ ရေတံခါးများဖြင့် ရေဘေးကာကွယ်ထားသော ဧရိယာကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရေခွန်နှင့်တာတမံခွန်ပေးဆောင်ရန် အခွန်နှုန်းများသတ်မှတ်ခြင်း

၄။ လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းအလို့ငှာ နိုင်ငံတော်က တည်ဆောက်ထိန်းသိမ်းထားသည့် ဆည်၊ ကန်၊ တူးမြောင်း၊ ရေနုတ်မြောင်း၊ ရေတံခါးများမှ စိုက်ပျိုးရေရယူသုံးစွဲသူ သို့မဟုတ် တာတမံများ၊ ရေနုတ်မြောင်း၊ ရေတံခါးများဖြင့် ရေဘေးအကာအကွယ် ရယူသူသည် ဘဏ္ဍာရေးနှစ်အလိုက် အောက်ပါနှုန်းများအတိုင်း နှစ်စဉ်အခွန်ပေးဆောင်ရန် တာဝန်ရှိစေရမည် -

(က) ဆည်ရေသောက်ဧရိယာများအတွင်း စပါးစိုက်ဧရိယာများတွင် မြေပြုပြင်သည်မှ အောင်ရေအထိ ရေအပြည့်အဝရယူပါက မြေတစ်ဧကလျှင် တစ်ထောင့်ကိုးရာငါးဆယ်ကျပ်နှုန်း၊ မြေပြုပြင်သည်မှ အောင်ရေရသည်အထိ မြေပြင်ရေ၊ စိုက်ပျိုးရေ၊ အပင်ဖြစ်ထွန်းရေ သို့မဟုတ် အောင်ရေကို တစ်စိတ်တစ်ပိုင်းသာ ရယူပါက မြေတစ်ဧကလျှင် ကိုးရာကျပ်နှုန်း၊ အခြားသီးနှံစိုက်ပျိုးပါက တစ်ဧကလျှင် ကိုးရာကျပ်နှုန်း၊

(ခ) ရေဘေးကာကွယ်သည့် ဧရိယာများအတွက် မြေတစ်ဧကလျှင် ငါးရာကျပ်နှုန်း၊

(ဂ) လယ်ယာမြေတစ်ရပ်ရပ်သည် ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) နှစ်ရပ်လုံးနှင့် အကျုံးဝင်သက်ဆိုင်နေပါက ပုဒ်မခွဲ (က) တွင် သတ်မှတ်ဖော်ပြထားသည့်နှုန်း။

## အခန်း (၃)
## ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ယင်း၏လုပ်ငန်းတာဝန်များ

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် -

(က) ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ခရိုင်ဦးစီးမှူး<br>ခရိုင်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ခရိုင်ဦးစီးမှူး<br>ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၄) | ခရိုင်ဦးစီးမှူး<br>ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့သည် -

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့များ၏ ဆောင်ရွက်ချက်များကို စစ်ဆေးကြီးကြပ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့က ပုဒ်မ ၁၂ အရ ဆောင်ရွက်နိုင်ရန် မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့က တင်ပြသော အချက်အလက်များကို ထပ်ဆင့်စစ်ဆေး၍ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ တင်ပြရမည်။

## **အခန်း (၄)**

## **မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ယင်း၏လုပ်ငန်းတာဝန်များ**

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် -

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | မြို့နယ်မန်နေဂျာ<br>မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၄) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၅) | မြို့နယ်ဦးစီးမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွက် တာတမံခွန်ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းကိုလည်းကောင်း၊ ရေခွန်ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုက ရေခွန်စည်းကြပ်ကောက်ခံမည့်အဖွဲ့ကိုလည်းကောင်း ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တာတမံခွန်ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းနှင့် ရေခွန်ကောက်ခံရန် တာဝန်ပေးအပ်ခြင်းခံရသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုက ရေခွန်စည်းကြပ်ကောက်ခံမည့်အဖွဲ့တို့ကို ညှိနှိုင်းပေါင်းစပ်ခြင်း၊ ပံ့ပိုးကူညီခြင်းပြုရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

(ဂ) လယ်ယာမြေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက်ဖြစ်စေ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊

ပိုးဖျက်ခြင်းနှင့် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီး ဆုံးရှုံးခြင်း ရှိ မရှိ၊ အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမိုစည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်း ရှိ မရှိနှင့် အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့် အခွန်ထက် ပိုမိုပေးဆောင်ထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့က ပုဒ်မ ၁၂ အရ လိုအပ်သလို ဆောင်ရွက်နိုင်ရေးအတွက် စိစစ်တွေ့ရှိရသည့် အချက်အလက်များကို စစ်ဆေးတွေ့ရှိပါက ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့သို့ သဘောထားမှတ်ချက်များနှင့်အတူ တင်ပြခြင်း၊

(င) ပုဒ်မ ၄ အရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူများကို အခွန်စည်းကြပ်ခြင်း။

## အခန်း (၅)

## ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်ကောက်ခံမည့်အဖွဲ့ ဖွဲ့စည်းခြင်း

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် ရေခွန် စည်းကြပ်ကောက်ခံမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ရေခွန်ကောက်ခံမည့်အဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည် -

| | | |
|---|---|---|
| (က) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စာရေး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | လက်ထောက် သို့မဟုတ် ဒု-လက်ထောက်ဦးစီးမှူး<br>စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မြေတိုင်းစာရေး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (င) | လက်ထောက် သို့မဟုတ် ဒု-လက်ထောက်ဦးစီးမှူး<br>ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |

## အခန်း (၆)

## အခွန်ကောက်ခံခြင်း

၁၀။ ရေခွန်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့က ဖွဲ့စည်းတာဝန်ပေးအပ်ထားသော အဖွဲ့တို့ကလည်းကောင်း၊ တာတမံခွန်ကို အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနကလည်းကောင်း မြေခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်း ကောက်ခံရမည်။

၁၁။ အခွန်ထမ်းသည် အခွန်တောင်းခံလွှာတွင် သတ်မှတ်သည့်ရက်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့် ရက်အတွင်း အခွန်ကို ပေးဆောင်ရန်ပျက်ကွက်လျှင် ပေးဆောင်ရန် ပျက်ကွက်သည့်ငွေကို အခွန်မပြေ ကျန်ငွေအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ထမ်းကို ပျက်ကွက်သူအဖြစ်လည်းကောင်း မှတ်ယူပြီး အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကောက်ခံသည့် နည်းလမ်းအတိုင်း အရကောက်ခံရမည်။

## အခန်း (၇)

## ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ စာရင်းမှပယ်ဖျက်ခွင့်နှင့် ပိုငွေကို ပြန်အမ်းခြင်း

၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည်

လယ်ယာမြေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက်ဖြစ်စေ ခရိုင်ရေခွန်နှင့် တာတမံခွန် ကြီးကြပ်ရေးအဖွဲ့က တင်ပြချက်ကိုစိစစ်ပြီး -

(က) ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်းနှင့် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးသည့်အတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

( ခ ) အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမိုစည်းကြပ်ထားခြင်း သို့မဟုတ် မှားယွင်းစည်းကြပ်ထားခြင်းများကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ခြင်း၊ ကောက်ခံမရနိုင်တော့သည့်အခွန်ကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းက ပယ်ဖျက်ခြင်းပြုနိုင်သည်။

( ဂ ) အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့် အခွန်ထက် ပိုမိုပေးဆောင်ထားကြောင်းတွေ့ရှိပါက ပိုငွေကို ပြန်အမ်းခြင်းပြုနိုင်သည်။

## အခန်း (၈)
## အယူခံခြင်း

၁၃။ သက်ဆိုင်ရာအခွန်ထမ်းသည် -

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့၏ အခွန်စည်းကြပ်မှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်းသုံးဆယ်အတွင်း ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

( ခ ) ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့၏ အခွန်စည်းကြပ်မှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်းသုံးဆယ်အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

၁၄။ အခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၉)
## အထွေထွေ

၁၅။ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အခွန်စည်းကြပ်မှုဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် အခွန်စည်းကြပ်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သလို ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်းတို့ ပြုနိုင်သည်။

၁၆။ ရေခွန်နှင့်တာတမံခွန် ကြီးကြပ်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် -

(က) ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ပုဒ်မ ၁၂ အရ ဆောင်ရွက်ရန် ခရိုင်ရေခွန်နှင့်တာတမံခွန် ကြီးကြပ်ရေးအဖွဲ့က တင်ပြချက်ကို စိစစ်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း။

၁၇။ ပုဒ်မ ၁၆ (ခ) ပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၁၈။ အခွန်စည်းကြပ်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ -

(က) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးသော ဝန်ထမ်းများသည် မည်သည့်လယ်ယာမြေတွင်မဆို စိုက်ပျိုးထားသည့် သီးနှံလုပ်ကွက်ကို သတ်မှတ်ထားသည့်အတိုင်း ဝင်ရောက်စစ်ဆေး တိုင်းတာနိုင်သည်။ နယ်နိမိတ်သတ်မှတ်နိုင်သည်။ မြေပုံထုတ်လုပ်နိုင်သည်။

(ခ) မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ရေးအဖွဲ့သည် အခွန်ထမ်းကိုဖြစ်စေ၊ ကိုယ်စားလှယ်ကို ဖြစ်စေ ခေါ်ယူစစ်ဆေးနိုင်သည်။ လိုအပ်သော စာရွက်စာတမ်းများကို တင်ပြစေနိုင်သည်။

၁၉။ အောက်ဖော်ပြပါ အက်ဥပဒေများနှင့်စည်းမျဉ်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ အခွန်စည်းကြပ်ကောက်ခံမှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(က) The Lower Burma Land and Revenue Act, 1876.

(ခ) The Burma Boundaries Act, 1880.

(ဂ) The Upper Burma Land and Revenue Regulation, 1889.

(ဃ) The Lower Burma Town and Village Lands Act, 1898.

(င) တူးမြောင်းဥပဒေ။

၂၀။ ဤဥပဒေ အာဏာမသက်ရောက်မီ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၃/၂၀၀၇ ဆုံးဖြတ်ချက်အရ ဝန်ကြီးဌာနက ကောက်ခံခဲ့သော ရေခွန်နှုန်းထားများသည် ဤဥပဒေအရ သတ်မှတ်သော နှုန်းထားများဖြစ်သည်ဟု မှတ်ယူရမည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၂။ ရေခွန်နှင့်တာတမံခွန်ဥပဒေ (၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် - ၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

## ပြည်သူ့လွှတ်တော်ကော်မတီများ၏ သက်တမ်းတိုးမြှင့်ခြင်း

ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ဖွဲ့စည်းခဲ့သည့် အောက်ပါကော်မတီ ၁၄ ခု၏ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်၏ နောက်တစ်နေ့မှစ၍ နောက်ထပ် တစ်နှစ် တိုးမြှင့်သတ်မှတ်လိုက်သည် -

| စဉ် | ကော်မတီအမည် | ရက်နေ့မှ | ရက်နေ့ထိ |
|---|---|---|---|
| ၁။ | နိုင်ငံတကာဆက်ဆံရေးကော်မတီ | ၁၇-၂-၂၀၁၇ | ၁၆-၂-၂၀၁၈ |
| ၂။ | တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ | ၁၇-၂-၂၀၁၇ | ၁၆-၂-၂၀၁၈ |
| ၃။ | တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ | ၁၇-၂-၂၀၁၇ | ၁၆-၂-၂၀၁၈ |
| ၄။ | ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၁၉-၂-၂၀၁၇ | ၁၈-၂-၂၀၁၈ |
| ၅။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၁၉-၂-၂၀၁၇ | ၁၈-၂-၂၀၁၈ |
| ၆။ | ပညာရေးမြှင့်တင်မှုကော်မတီ | ၁၉-၂-၂၀၁၇ | ၁၈-၂-၂၀၁၈ |
| ၇။ | ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၂၂-၂-၂၀၁၇ | ၂၁-၂-၂၀၁၈ |
| ၈။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ | ၂၂-၂-၂၀၁၇ | ၂၁-၂-၂၀၁၈ |
| ၉။ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ | ၂၂-၂-၂၀၁၇ | ၂၁-၂-၂၀၁၈ |
| ၁၀။ | ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၂၄-၂-၂၀၁၇ | ၂၃-၂-၂၀၁၈ |
| ၁၁။ | လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၂၄-၂-၂၀၁၇ | ၂၃-၂-၂၀၁၈ |
| ၁၂။ | စီးပွားရေးနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ၂၆-၂-၂၀၁၇ | ၂၅-၂-၂၀၁၈ |
| ၁၃။ | ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ | ၂၆-၂-၂၀၁၇ | ၂၅-၂-၂၀၁၈ |
| ၁၄။ | နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ | ၂၆-၂-၂၀၁၇ | ၂၅-၂-၂၀၁၈ |

(ပုံ) ဝင်းမြင့်

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၈၆/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရနှင့် ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့်စစ်ဆေးနိုင်သည့် အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးဇေယျာမျိုး<br>တ/၃၂၂၄ | ပူတာအို<br>ကချင်ပြည်နယ် |
| ၂။ | ဦးနေထွန်းအောင်<br>တ/၃၀၁၂ | ဟားခါး<br>ချင်းပြည်နယ် |

ထွန်းထွန်းဦး၊

ပြည်ထောင်စုတရားသူကြီးချုပ်၊

ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၇)

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဦးမောင်မောင်သက်လွင်<br>တ/၂၈၄၀ | ချမ်းအေးသာစံ<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဦးဂုဏ်ရည်<br>တ/၃၀၄၄ | မင်းတပ်<br>ချင်းပြည်နယ် |
| ၃။ | ဒေါ်မြင့်မြင့်စန်း<br>တ/၃၀၅၃ | ပြည်ကြီးတံခွန်<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး၊

ပြည်ထောင်စုတရားသူကြီးချုပ်၊

ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

### ဒုတိယညွှန်ကြားရေးမှူးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံးမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒေါက်တာထွန်းထွန်းဦးအား မိသားစုကိုယ်ရေးကိုယ်တာ အခက်အခဲများကြောင့် နုတ်ထွက်ခွင့်ပြုပါရန် ယင်း၏လျှောက်ထားချက်နှင့် တာဝန်ရှိသူအဆင့်ဆင့်၏ ထောက်ခံတင်ပြချက်အရ မည်သည့်အကျိုးခံစားခွင့်ကိုမျှ ရယူခြင်းမပြုဘဲ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဆန္ဒအလျောက် ရာထူးတာဝန်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

လှသိန်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

### အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈/၂၀၁၆ ဖြင့် ဒုတိယညွှန်ကြားရေးမှူး ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားခဲ့သော အောက်ဖော်ပြပါ အရာထမ်း (၆) ဦးတို့အား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြပါ အစမ်းခန့်ကာလတစ်နှစ်ပြည့်မြောက်သည့် နေ့ရက်မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး | အတည်ပြုခန့်ထားသည့်ရက်စွဲ |
|---|---|---|---|
| (၁) | ဦးကျော်ဆန်းဝင်း | ဒုတိယညွှန်ကြားရေးမှူး | ၂၁-၁-၂၀၁၇ |
| (၂) | ဦးသူရိန်ထွန်း | ဒုတိယညွှန်ကြားရေးမှူး | ၂၁-၁-၂၀၁၇ |
| (၃) | ဦးမောင်မောင်နိုင် | ဒုတိယညွှန်ကြားရေးမှူး | ၂၁-၁-၂၀၁၇ |
| (၄) | ဦးလင်းကျော် | ဒုတိယညွှန်ကြားရေးမှူး | ၂၁-၁-၂၀၁၇ |
| (၅) | ဦးထွန်းအောင်ခိုင် | ဒုတိယညွှန်ကြားရေးမှူး | ၂၁-၁-၂၀၁၇ |
| (၆) | ဦးမြင့်နိုင် | ဒုတိယညွှန်ကြားရေးမှူး | ၂၁-၁-၂၀၁၇ |

လှသိန်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**

**ကြေညာချက်အမှတ် ၁/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

**ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များအတွက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပါ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဝါဒများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဒေသကိုအခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးတွင်လည်းကောင်း၊ လူမျိုးကိုအခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ရှမ်းပြည်နယ်တွင်လည်းကောင်း ကျင်းပနိုင်ရေးအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) **ပဲခူးတိုင်းဒေသကြီးအမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါ်နော်ပွယ်ဆေး | (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး) |
| (၂) | ဗိုလ်မှူးကြီးမျိုးအောင် | (တပ်မတော်) |
| (၃) | ဦးခင်မောင်သန်း | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၄) | စောဆဲဂေး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၅) | စောထွန်းကဲ | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၆) | စောကီးဒို | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၇) | ဦးသိန်းတန် | (နိုင်ငံရေးပါတီ) |
| (၈) | ဦးတင်စိုး | (နိုင်ငံရေးပါတီ) |
| (၉) | ဦးရန်နိုင် | (နိုင်ငံရေးပါတီ) |

(ခ) **ရှမ်းပြည်နယ်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာထွန်းလှိုင် | (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး) |
| (၂) | ဗိုလ်မှူးကြီးစန်းညွန့်ဇော် | (တပ်မတော်) |
| (၃) | ဒေါက်တာဒေါ်သန်းငွေ | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၄) | ခွန်ထွန်းတင် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၅) | ဒုတိယဗိုလ်မှူးကြီးဆောင်းဟန် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၆) | ဒုတိယဗိုလ်မှူးကြီးဆိုင်ဟန် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၇) | ဦးခင်မောင်ညွန့် | (နိုင်ငံရေးပါတီ) |
| (၈) | ဦးခွန်သူရအောင် | (နိုင်ငံရေးပါတီ) |
| (၉) | ဦးစိုင်းမြင့်မောင် | (နိုင်ငံရေးပါတီ) |

၂။ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများသည် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ပါ ဤပူးတွဲကော်မတီက အတည်ပြုထားပြီးဖြစ်သော ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာလုပ်ငန်းလမ်းညွှန်များနှင့်အညီ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စေရေး၊ စနစ်တကျရှိစေရေး၊ လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(ပုံ) အောင်ဆန်းစုကြည်

ဥက္ကဋ္ဌ

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်
(၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

အမှတ် ၈၂၀/၂၀၁၆ ။ ။ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးကျော်စိုးဝင်းအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

အမှတ် ၃၉/၂၀၁၇ ။ ။ အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးမြင့်လွင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် )

အမှတ် ၄၈/၂၀၁၇ ။ ။ အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီး ဦးမောင်မောင်လင်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆိုက်ပရပ်စ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )

အမှတ် ၅၆/၂၀၁၇ ။ ။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူညီချက်အရ ဂျကာတာမြို့၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် တတိယအကြိမ် တစ်နှစ် ဆက်လက်ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် )

အမှတ် ၂၀ ။ ။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၇) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့သတင်းစဉ် (ပြည်တွင်း) မှ စာတည်းမှူးချုပ် လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၈၀,၀၀၀) ဦးဇော်နိုင်ဦးအား ၎င်း၏လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မိမိရာထူးအဆင့်နှင့် မလျော်ညီသည့် အရေးအသားများကို ဆင်ခြင်မှုကင်းမဲ့စွာ ရေးသားဖော်ပြခြင်းအတွက် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ စိစစ်တွေ့ရှိချက်အရ စာတည်းမှူးချုပ် လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၈၀,၀၀၀) ရာထူးမှ စာတည်းမှူး လစာနှုန်း (၃၀၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ (၁) နှစ်လျှော့ချလိုက်သည်။

အမှတ် ၂၁ ။ ။ မူလရာထူးဖြစ်သည့် စာတည်းမှူးချုပ်ရာထူးသို့ ပြန်လည်ခန့်ထားသည့်အခါ ရာထူးလျှော့ချသည့်ကာလအတွင်း ရရန်ရှိသော နှစ်တိုးလစာများ ရွေ့သွားစေခြင်းမရှိစေရ။

**(ဝန်ကြီးရုံး)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

အမှတ် ၂၂ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ အောက်ဖော်ပြပါအမှုထမ်း (၂) ဦးအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | မူလရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (၁) | ဒေါ်နုနုထွေး (ကပ-၄၅၀၉) | ရုံးအုပ် (စီမံ) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (စီမံ) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| (၂) | ဒေါ်တင်တင်ဦး (ကပ-၄၂၃၃) | ပုံနှိပ်ကျွမ်းကျင်-၁ (စီစဉ်ရေး) (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) | ဦးစီးအရာရှိ (ပုံနှိပ်) (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) သဘောတူညီချက်အရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၅၀,၀၀၀- ၄,၀၀၀-၂၇၀,၀၀၀) ဦးစီးအရာရှိ ရာထူးနေရာများသို့ အောက်ဖော်ပြပါ ဝန်ထမ်းများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထား လိုက်သည်-

| စဉ် | အမည်/လက်ရှိရာထူး/လစာနှုန်း/ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း/ဌာန |
|---|---|---|
| (က) | ဒေါ်မေလှိုင်ဝေရီအောင်<br>သုတေသနလက်ထောက် (၂)<br>လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>သုတေသနဌာနခွဲ၊ သမိုင်းသုတေသန<br>နှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန | သုတေသနအရာရှိ<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>သုတေသနဌာနခွဲ၊ သမိုင်းသုတေသန<br>နှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန |
| (ခ) | ဒေါ်ဆွေဆွေဝင်း<br>သုတေသနလက်ထောက် (၂)<br>လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>သုတေသနဌာနခွဲ၊ သမိုင်းသုတေသန<br>နှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန | သုတေသနအရာရှိ<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>သုတေသနဌာနခွဲ၊ သမိုင်းသုတေသန<br>နှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန |
| (ဂ) | ဒေါ်ခင်ဘုန်းဦး<br>သုတေသနလက်ထောက် (၂)<br>လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀)<br>သုတေသနဌာနခွဲ၊ သမိုင်းသုတေသန<br>နှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန | သုတေသနအရာရှိ<br>လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀)<br>သုတေသနဌာနခွဲ၊ သမိုင်းသုတေသန<br>နှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ဇာတ်ရုံဌာနခွဲ၊ အမျိုးသားဇာတ်ရုံ (နေပြည်တော်) မှ လက်ထောက်ညွှန်ကြားရေးမှူး (ဇာတ်ရုံ) ဒေါ်ရင်ရင်ခိုင်အား ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ကျန်းမာရေးဆေးစစ်ရန်အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၁၄)၊ ပုဒ်မခွဲ (င) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၉၆) တို့အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့အထိ (၁၀) ရက်ကို လစာမဲ့ခွင့်ဖြင့် ပြည်ပသို့ ခံစားခွင့်ပြုခဲ့ပါသည်။

ဒေါ်ရင်ရင်ခိုင်သည် ကျန်းမာရေးဆေးစစ်ဆေးမှု ပြီးဆုံးခြင်းမရှိသေးပါသဖြင့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ (၅) ရက်ကို လစာမဲ့ခွင့်ဖြင့် ဆက်လက်ခံစားခွင့်ပြုပါရန် ကာယကံရှင်၏တင်ပြချက်အရ ခံစားခွင့်ပြုလိုက်သည်။

ခွင့်မှပြန်လာသောအခါ ဒေါ်ရင်ရင်ခိုင်အား မူလတာဝန်များကို ပြန်လည်ထမ်းဆောင်စေလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၄/ ၇-၁၃ (၀၂၆)/အစိုးရအဖွဲ့ (ကချင်) ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ပထ/၂-၃ (၉၅၈)/ထောက် ၂ ပါ အတည်ပြုချက်အရ ကချင်ပြည်နယ်အတွင်း ဒုတိယ ရက် (၁၀၀) စီမံချက်ကာလအတွင်း ကျေးရွာမြေပုံဇာရန် ထုတ်ပေးရေးလုပ်ငန်း ထပ်မံဆောင်ရွက်ရာတွင် မြေတိုင်းတာခြင်း၊ မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ်အတွင်း ပူးတွဲဖော်ပြပါ မြို့နယ် (၁၈) မြို့နယ်၌ ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်မြေ နယ်သတ်အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး**အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**ပူးတွဲ**

## ကချင်ပြည်နယ်အတွင်း
## နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်
## နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၁ | မြစ်ကြီးနားမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂ | ဝိုင်းမော်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃ | တနိုင်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄ | ချီဖွေမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၅ | ဆော့လော်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၆ | အင်ဂျန်းယန်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၇ | မိုးညှင်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၈ | မိုးကောင်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၉ | ဖားကန့်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၀ | ဗန်းမော်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၁ | မိုးမောက်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |

ပူးတွဲ

**ကချင်ပြည်နယ်အတွင်း**
**နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့်**
**နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း**

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၁၂ | မန်စီမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၃ | ရွှေကူမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၄ | ပူတာအိုမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၅ | မချမ်းဘောမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၆ | ခေါင်လန်ဖူးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၇ | နောင်မွန်းမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၁၈ | ဆွမ်ပရာဘွမ်မြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၃၀၀/၁-၁၇/ အဖရ (မွန်) (၀၀၃၅) ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၃ (၉၅၈)/ထောက် ၂ ပါ အတည်ပြုချက်အရ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့၊ မြို့မ (၁၊ ၂၊ ၃၊ ၄) ရပ်ကွက်များအား မြို့မြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် မြို့ဧရိယာ နယ်နိမိတ် စစ်ဆေးတိုင်းတာခြင်း၊ ကွက်ကျဲကွက်စိပ် တိုင်းတာခြင်း၊ နယ်နိမိတ်တိုင်များ စိုက်ထူခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်မြေ နယ်သတ်အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ၊ မုဒုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မုဒုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး**အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

## (ဝန်ကြီးရုံး)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

အမှတ် ၄။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အဆင့်ရှိ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးခင်မောင်ထွေးအား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

အမှတ် ၅။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ လက်ထောက်ကထိက (၂၁) ဦးတို့အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ စိုက်ပျိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အဆင့်ရှိ ကျောင်းအုပ် (လက်ထောက်ညွှန်ကြားရေးမှူး) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်ခင်လှအေး | လက်ထောက်ကထိက |
| (ခ) | ဒေါ်မြင့်မြင့်စန်း | လက်ထောက်ကထိက |
| (ဂ) | ဒေါ်ဝေဝေစိုး | လက်ထောက်ကထိက |
| (ဃ) | ဒေါ်နန့်စိန်သန်းဝင်း | လက်ထောက်ကထိက |
| (င) | ဒေါ်ရီရီလွင် | လက်ထောက်ကထိက |
| (စ) | ဦးအောင်အောင် | လက်ထောက်ကထိက |
| (ဆ) | ဒေါ်သန်းမြိုင် | လက်ထောက်ကထိက |
| (ဇ) | ဒေါ်သန်းသန်းဆွေ | လက်ထောက်ကထိက |
| (ဈ) | ဦးကိုးထင်း | လက်ထောက်ကထိက |
| (ည) | ဒေါ်လှလှဝင်း | လက်ထောက်ကထိက |
| (ဋ) | ဒေါ်အေးအေးမြင့် | လက်ထောက်ကထိက |
| (ဌ) | ဦးမျိုးသန့် | လက်ထောက်ကထိက |
| (ဍ) | ဒေါက်တာမြင့်မြင့်မော် | လက်ထောက်ကထိက |
| (ဎ) | ဒေါက်တာစုစုထွေး | လက်ထောက်ကထိက |
| (ဏ) | ဒေါ်နွဲ့နွဲ့ဝင်း | လက်ထောက်ကထိက |
| (တ) | ဒေါ်မြင့်မြင့်ခိုင် | လက်ထောက်ကထိက |
| (ထ) | ဦးခင်မောင်သန်း | လက်ထောက်ကထိက |
| (ဒ) | ဒေါ်မို့မို့ထွေး | လက်ထောက်ကထိက |
| (ဓ) | ဒေါ်ဥမ္မာကျော် | လက်ထောက်ကထိက |
| (န) | ဒေါ်ထက်ထက်အောင် | လက်ထောက်ကထိက |
| (ပ) | ဒေါ်ဥမ္မာဝင်း | လက်ထောက်ကထိက |

## (ဝန်ကြီးရုံး)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

အမှတ် ၆ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) အဆင့်ရှိ ကထိက ဒေါက်တာထားထားနိုင်အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေး သဘောတူညီချက်အရ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အဆင့်ရှိ တွဲဖက်ပါမောက္ခရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) တန်းဝင် ရုံးအုပ်များဖြစ်ကြသော ဦးအောင်ကြွယ်နှင့် ဒေါ်ခင်နီလာဦးတို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်းဝင် ဦးစီးအရာရှိ ရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉/၂၀၁၇)

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်းဝင် အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (လေကြောင်းထိန်း) (၇) ဦးအား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|
| ၁။ | ဦးအောင်ဗိုလ်ဗိုလ်ဟိန်း | လက်ထောက်မန်နေဂျာ (လေကြောင်းထိန်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့်ရာထူး/လစာနှုန်း |
|---|---|---|
| ၂။ | ဦးမျိုးကျော်ဆန်း | လက်ထောက်မန်နေဂျာ (လေကြောင်းထိန်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၃။ | ဦးကျော်ဇင် | လက်ထောက်မန်နေဂျာ (လေကြောင်းထိန်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၄။ | ဦးသန်းရွှေမောင် | လက်ထောက်မန်နေဂျာ (လေကြောင်းထိန်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၅။ | ဦးထွန်းထွန်း-၂ | လက်ထောက်မန်နေဂျာ (လေကြောင်းထိန်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၆။ | ဦးသန့်လွင်မျိုး | လက်ထောက်မန်နေဂျာ (လေကြောင်းထိန်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၇။ | ဦးတင်ထွန်းလွင် | လက်ထောက်မန်နေဂျာ (လေကြောင်းထိန်း)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၀/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၉/၂၀၁၇ အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းချစ်ဦးအား ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ကျောင်းအုပ်ကြီးအဖြစ် တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၁/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) တန်းဝင် အောက်ဖော်ပြပါ ဦးစီးမှူး (ကွန်ပျူတာ) (၂) ဦးအား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်စီစီမိုး | ဦးစီးအရာရှိ (ကွန်ပျူတာ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |
| ၂။ | ဒေါ်နှင်းဝေဝေခင် | ဦးစီးအရာရှိ (ကွန်ပျူတာ)<br>(၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၂/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၆) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်းဝင် စာရင်းစစ်-၂ ဒေါ်မင်းမင်းအေးအား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်းဝင် ဦးစီးအရာရှိ (အုပ်ချုပ်ရေး) ရာထူးနေရာသို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို သုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်၊ ကျိုက်မရောမြို့ရှိ (ASA) အသေးစားငွေချေးလုပ်ငန်း (မြန်မာ) လီမိတက် (ကျိုက်မရောရုံးခွဲ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ မွန်ပြည်နယ်၊ ချောင်းဆုံမြို့ရှိ (ASA) အသေးစားငွေချေးလုပ်ငန်း (မြန်မာ) လီမိတက် (ကျိုက်မရောရုံးခွဲ) အား မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၇) ၏ သဘောတူခွင့်ပြုချက်အရ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အဆင့် အောက်ဖော်ပြပါ အရာထမ်း (၃) ဦးကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရှိ လစ်လပ်ရာထူး နေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး/ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူးဌာန |
|---|---|---|
| ၁ | ဒေါ်မြတ်သန္တာဝင်း<br>လ/ထ မန်နေဂျာ<br>မြန်မာ့စာတိုက်လုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးစီးအရာရှိ<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| ၂ | ဒေါ်ခင်စန်းလင်း<br>သုတေသနအရာရှိ<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဦးစီးအရာရှိ<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| ၃ | ဒေါ်ရူပါအေး<br>ဦးစီးအရာရှိ<br>တိုင်းရင်းဆေးပညာဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဦးစီးအရာရှိ<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်း<br>ပြန်ကြားရေးဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

ပြည်ထောင်စုဝန်ကြီးရုံးက အောက်ဖော်ပြပါ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အရာထမ်း (၄) ဦးကို ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်အရ ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဦးစီးဌာနများရှိ လစ်လပ်ရာထူးနေရာများသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထား လိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး/ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူးဌာန |
|---|---|---|
| ၁ | ဒေါ်ဝင့်မြတ်သီ<br>ဦးစီးအရာရှိ<br>ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့်သတင်းပြန်ကြားရေး<br>ဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး | ဦးစီးအရာရှိ<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| ၂ | ဒေါက်တာရောဘတ်သွမ်မလိန်း<br>ဦးစီးအရာရှိ<br>စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး | ဦးစီးအရာရှိ<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု<br>ဦးစီးဌာန |
| ၃ | ဒေါ်နော်မာလေး<br>ဦးစီးအရာရှိ<br>အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ်စီမံခန့်ခွဲရေးဌာနခွဲ<br>ပြည်ထောင်စုဝန်ကြီးရုံး | ဦးစီးအရာရှိ<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု<br>ဦးစီးဌာန |
| ၄ | ဒေါ်ခိုင်ရွှေဝါ<br>ဦးစီးအရာရှိ<br>မူဝါဒ၊ ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်<br>လုပ်ငန်းစစ်ဆေးရေးဌာနခွဲ | ဦးစီးအရာရှိ<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |

နိုင်သက်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

အမှတ် ၀၁၆ ။ ။ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကြိုင် (၄၈၀၁) အား ချင်းပြည်နယ်စာရင်းစစ်ချုပ်ရုံးတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရရှိသည့် ညွှန်ကြားရေးမှူးအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

မော်သန်း
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

အမှတ် ၀၁၈ ။ ။ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူးများအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရရှိသည့် ဒုတိယညွှန်ကြားရေးမှူးများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| **စဉ်** | **အမည်** | **ထမ်းရွက်ဆဲရုံး** | **တိုးမြှင့်ခန့်အပ်သည့်ရုံး** |
|---|---|---|---|
| ၁။ | ဒေါ်အေးအေးမာ (၄၈၂၁) | ရန်ကုန်တိုင်းဒေသကြီး | ချင်းပြည်နယ် |
| ၂။ | ဒေါ်တင်တင်အေး (၄၈၀၆) | ရန်ကုန်တိုင်းဒေသကြီး | စစ်ဆေးရေးဦးစီးဌာန |

မော်သန်း
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၆) မှ သဘောတူခွင့်ပြုချက်၊ ပညာရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၀၂၂/၂၀၁၇) နှင့် (၀၂၃/၂၀၁၇) တို့အရ ပညာရေးဝန်ကြီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၄) ဦးအား ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တို့တွင် လစ်လပ်လျက်ရှိသော ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ လစာနှုန်းတူရာထူး၊ ဌာနအသီးသီးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး/လစာနှုန်း/ဌာန | ခန့်ထားသည့်ရာထူး/လစာနှုန်း/ဌာန |
|---|---|---|---|
| (၁) | ဒေါက်တာ<br>သင်းသင်းနွယ် | တွဲဖက်ပါမောက္ခ<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>မြန်မာစာဌာန၊ မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | တွဲဖက်ပါမောက္ခ<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>လူမှုရေးသိပ္ပံပညာဌာန<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (၂) | ဒေါက်တာ<br>ထွန်းမင်း | တွဲဖက်ပါမောက္ခ<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>ပထဝီဝင်ဌာန<br>တောင်ကြီးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | တွဲဖက်ပါမောက္ခ<br>(၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀)<br>နိုင်ငံရေးသိပ္ပံပညာဌာန<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (၃) | ဒေါ်အေးမော်လွင် | ကထိက<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>အင်္ဂလိပ်စာဌာန၊<br>ရန်ကုန်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ကထိက<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>အင်္ဂလိပ်ဘာသာပညာဌာန<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| (၄) | ဦးကျော်ကျော်မင်း | မန်နေဂျာ (စနစ်)<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>ကွန်ပျူတာဌာန<br>ဟင်္သာတတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ကထိက<br>(၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀)<br>သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး<br>နည်းပညာဌာန<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးချုပ်/ ဒုတိယပါမောက္ခချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) (၂) ဦးတို့အား ယှဉ်တွဲဖော်ပြပါ ဌာန/ တက္ကသိုလ်များသို့ လစာနှုန်းတူ ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်/လက်ရှိရာထူး/ဌာန | ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ရာထူး/ဌာန |
|---|---|---|
| ၁။ | ဦးဇော်မိုးဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်) |
| ၂။ | ဦးကျော်ဝင်းဟန်<br>ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာ (၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ သတင်းထုတ်ပြန်နိုင်ရန်အတွက် **"ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်-

(က) ဦးစောဗယ်လင်တိုင်း — အဖွဲ့ခေါင်းဆောင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ခ) ဦးခင်မောင်ဝင်း — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဂ) ဦးကျော်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

(ဃ) ဦးကျော်ဝင်းဟန် အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

(င) ဒေါ်ချိုမာမြင့် တွဲဖက်အတွင်းရေးမှူး
လက်ထောက်အတွင်းဝန်၊ ဥက္ကဋ္ဌရုံးအဖွဲ့
Contact Person (ဖုန်း-၀၆၇-၄၀၉၁၉၀)

(စ) ဦးမြင့်ဆွေ အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

၂။ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရာထူးရွေးချယ်ရေးအတွက် ကြော်ငြာခေါ်ယူခြင်း၊ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပခြင်း၊ ဝန်ထမ်းများအားရွေးချယ်ပေးခြင်းနှင့် လေ့ကျင့်ပေးခြင်း၊ အရာထမ်းပြောင်းရွှေ့ခြင်း ဆောင်ရွက်မှုများကို ပြည်သူများ စိတ်ဝင်စားလာစေရန်အတွက် မှန်ကန်ပြီးအကျိုးရှိမည့် သတင်းများကို လက်ဦးမှုရှိအောင် လမ်းညွှန်မှုခံယူထုတ်ပြန်ပေးရန်၊

(ခ) အစိုးရသစ်ကာလ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရက် (၁၀၀) စီမံချက် ကာလလတ်၊ ကာလရှည် စီမံကိန်းများ စတင်အကောင်အထည်ဖော်မှု အခြေအနေများ၊ ပြည်သူကိုရှေးရှုသောစိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်နိုင်မည့် ဝန်ထမ်းကောင်းများ ပေါ်ထွက်လာရေးလေ့ကျင့်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းအသိပေးရန်၊

(ဂ) နိုင်ငံ့ဝန်ထမ်းအရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်တွင်း၌ ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် စပ်လျဉ်းသည့်သတင်းများကို လမ်းညွှန်မှုခံယူ ထုတ်ပြန်ပေးရန်၊

(ဃ) ဤအဖွဲ့မှ အခါအားလျော်စွာပြုလုပ်သည့် အခမ်းအနားများနှင့်စပ်လျဉ်းသည့် သတင်းများအား ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားရန်၊

(င) သတင်းအချက်အလက်များ စုစည်းထုတ်ပြန်ရာတွင် နိုင်ငံတော်မူဝါဒများနှင့်အညီ စိစစ်သုံးသပ်ပြီး လျှို့ဝှက်ထားရန်ဖြစ်သော (Confidential)၊ သတိကြီးစွာထားရသော (Sensitive)၊ သတင်းအချက်အလက်များပါရှိမှု မရှိစေရေး အလေးထားရန်နှင့် ပြည်သူတို့ သိသင့်သိထိုက်သည့် သတင်းနှင့် အချက်အလက်များကိုသာ ပြုစုထုတ်ပြန်ရန်၊

(စ) ထုတ်ပြန်မည့် သတင်းအချက်အလက်များသည် အဖွဲ့အစည်းတစ်ခုခုအားလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများအားလည်းကောင်း ထိခိုက်နစ်နာမှုမဖြစ်ပေါ်စေရေးနှင့် ဘာသာရေးနှင့် ပတ်သက်၍ ထိခိုက်စော်ကားမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(ဆ) အခါအားလျော်စွာ ဌာနတွင်းအသိပေးရမည့် အကြောင်းအရာကိစ္စများရှိပါက ရှင်းလင်းပွဲများ ပြုလုပ်၍ အသိပေးဆောင်ရွက်ရန်၊

(ဇ) သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစုဆောင်းထုတ်ပြန်မှုလုပ်ငန်းများတွင် ဝန်ကြီးဌာနအသီးသီးမှ အထောက်အကူပေးနိုင်ရေးအတွက် လိုအပ်သလို ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ရန်။

၃။ ဤအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၁၁၅၈/ရအဖ/၁/၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာကို ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ တွဲဖက်ပါမောက္ခ ဒေါက်တာထွန်းမင်း လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အား ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ နိုင်ငံရေးသိပ္ပံပညာဌာန၌ လစ်လပ်လျက်ရှိသည့် ပါမောက္ခ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးကို ကျောထောက်နောက်ခံပြု၍ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ယင်းဌာန၏ တာဝန်ခံအဖြစ် တွဲဖက်တာဝန် ထမ်းဆောင်စေလိုက်သည်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒေါ်ချိုချိုခိုင်အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးလှအောင်ကြည် အား ဝန်ထမ်းရေးရာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ လစာနှုန်းတူရာထူးဖြင့် ပြောင်းရွှေ့ခန့်ထား လိုက်သည်။

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) (၂) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ဌာနများတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထား လိုက်သည်-

| စဉ် | အမည်/ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|
| (၁) | ဒေါ်ဖြူဖြူဝင်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန |
| (၂) | ဦးဇော်ဝင်းနိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဥက္ကဋ္ဌရုံးအဖွဲ့တို့မှ အောက်ဖော်ပြပါ ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) (၅) ဦးတို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည်/ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|
| (၁) | ဦးခင်မောင်ဇော်<br>ဦးစီးအရာရှိ<br>ဝန်ထမ်းရေးရာဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန |

| စဉ် | အမည်/ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|
| (၂) | ဦးကြည်လွင်<br>ဦးစီးအရာရှိ<br>ဥက္ကဋ္ဌရုံးအဖွဲ့ | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| (၃) | ဒေါ်နော်ကြူကြူခိုင်<br>ဦးစီးအရာရှိ<br>ဥက္ကဋ္ဌရုံးအဖွဲ့ | လက်ထောက်ညွှန်ကြားရေးမှူး<br>ဥက္ကဋ္ဌရုံးအဖွဲ့ |
| (၄) | ဒေါ်နန်းလင်းလင်းထွန်း<br>ဦးစီးအရာရှိ<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| (၅) | ဒေါ်ကြည်ပြာမြင့်အောင်<br>ဦးစီးအရာရှိ<br>ဝန်ထမ်းရေးရာဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးအုပ်/စာရင်းကိုင်-၁ လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) (၂) ဦးတို့အား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ဌာနများတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | အမည်/ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|
| (၁) | ဒေါ်စိုးစိုးကြည်<br>ရုံးအုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| (၂) | ဒေါ်ဌေးဌေးခိုင်<br>စာရင်းကိုင်-၁<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ဦးစီးအရာရှိ<br>ဥက္ကဋ္ဌရုံးအဖွဲ့ |

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကိုကျင့်သုံး၍ အများပြည်သူတို့ သိရှိလိုက်နာနိုင်စေရန် ထုတ်ပြန်ကြေညာလိုက်သည်။ **နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (မ)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ) တို့အရ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန်တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်းနှင့် အသားရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းဆိုင်ရာစည်းကမ်းများ**

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤစည်းကမ်းများတွင် -

(က) **ကော်မတီ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ဖွဲ့စည်းထားသော နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ခ) **နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်** ဆိုသည်မှာ နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် ကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာထားသည့် နယ်နိမိတ်ကို ဆိုသည်။

(ဂ) **ဌာန** ဆိုသည်မှာ ကော်မတီ၏ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနကို ဆိုသည်။

(ဃ) **ဌာနမှူး** ဆိုသည်မှာ ဝန်ထမ်းဖွဲ့စည်းပုံအရ ဖွဲ့စည်းထားသည့် ကော်မတီ၏လက်အောက်ရှိ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနအား တာဝန်ယူကြီးကြပ်ရသော ဌာနတာဝန်ခံကို ဆိုသည်။

(င) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး** ဆိုသည်မှာ ကော်မတီ၏ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးကို ဆိုသည်။

(စ) **မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ကော်မတီ၏ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအား တာဝန်ယူကြီးကြပ်ကွပ်ကဲရသောအရာရှိကို ဆိုသည်။

(ဆ) **အသား** ဆိုသည်မှာ ကျွဲ၊ နွား၊ နွားနောက်၊ ဝက်၊ သိုး၊ ဆိတ်နှင့် မြင်းတို့၏ အသားကိုဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးနည်းဥပဒေများအရ ကာကွယ်ထားခြင်းမရှိသည့် တိရစ္ဆာန်များ၏ အသားလည်း ပါဝင်ပါသည်။

(ဇ) **တိရစ္ဆာန်** ဆိုသည်မှာ မြင်း၊ ကျွဲ၊ နွား၊ နွားနောက်၊ သိုး၊ ဆိတ်၊ ဝက် အကြီးဖြစ်စေ၊ အငယ်ဖြစ်စေ၊ အထီးဖြစ်စေ၊ အမဖြစ်စေကို ဆိုသည်။

(ဈ) **သားသတ်ရုံ** ဆိုသည်မှာ ကော်မတီက ကျွဲ၊ နွား၊ တိရစ္ဆာန်များအား သတ်ဖြတ်၍ အသားထုတ်လုပ်ရန်ခွင့်ပြုသည့် ကော်မတီပိုင်တိရစ္ဆာန်များသတ်ဖြတ်ရန် သတ်မှတ်ပေးထားသည့် နေရာကိုဆိုသည်။

(ည) **အဝေးရောက်သားသတ်ရုံ** ဆိုသည်မှာ ကော်မတီက သားသတ်ရုံအဖြစ် တည်ထောင်ပေးနိုင်ခြင်း မရှိသောနယ်မြေတွင် ဤစည်းကမ်းများနှင့်အညီ စားသုံးရန်အတွက် တိရစ္ဆာန်များအား သတ်ဖြတ်ရန်နေရာအဖြစ် ကော်မတီက သတ်မှတ်ခွင့်ပြုချက်ပေးထားသောနေရာကို ဆိုသည်။

(ဋ) **အခွန်** ဆိုသည်မှာ ဤစည်းကမ်းများပါ လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ကော်မတီသို့ ပေးသွင်းရသော လုပ်ငန်းလိုင်စင်ကြေး၊ ခေါင်းခွန်ကြေးနှင့် ဒဏ်ကြေးတို့ပါဝင်သည်။

(ဌ) **အခ** ဆိုသည်မှာ ဤစည်းကမ်းများပါ လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ကော်မတီသို့ ပေးသွင်းရသော သားသတ်ရုံ အသုံးပြုခ၊ သန့်ရှင်းရေးလုပ်ငန်းနှင့် သားသတ်ခြင်းလုပ်ငန်းတို့ အတွက် အသုံးပြုသော ရေဖိုးရေခ၊ လျှပ်စစ်ဓာတ်အားခတို့ပါဝင်သည်။

(ဍ) **ကော်လိပ်တော်အရာရှိ** ဆိုသည်မှာ ကော်မတီမှရရန်ရှိသော အခွန်၊ အခများကို အရကောက်ခံရန် အတွက် ကော်မတီမှ ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသောအရာရှိကို ဆိုသည်။

(ဎ) **သားသတ်လုပ်ငန်းလိုင်စင်** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူစားသုံးနိုင်ရန်အလို့ငှာ ဤစည်းကမ်းများနှင့်အညီ တိရစ္ဆာန်များအား သတ်ဖြတ်ခြင်း လုပ်ငန်း၊ အသားရောင်းချခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန်အတွက် ကော်မတီ၏ ခွင့်ပြုချက်ကို ဆိုသည်။

(ဏ) **သားသတ်လုပ်ငန်းလိုင်စင်စီ** ဆိုသည်မှာ ကော်မတီသို့ အခွန်၊ အခပေးသွင်းပြီးနောက် နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူစားသုံးနိုင်ရန်အလို့ငှာ ဤစည်းကမ်းများ နှင့်အညီ တိရစ္ဆာန်များအား သတ်ဖြတ်ခြင်းလုပ်ငန်း၊ အသားရောင်းချခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန်အတွက် ခွင့်ပြုချက်ရရှိထားသူကို ဆိုသည်။

**သားသတ်လုပ်ငန်းလိုင်စင်အား ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်း**

၂။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူစားသုံးရန် အလို့ငှာ သားသတ်လုပ်ငန်းလိုင်စင်အား ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းတို့ကို သင့်လျော်သည့် နည်းလမ်းဖြင့် ဆောင်ရွက်နိုင်သည်။

၃။ ဌာနမှူးသည် ကော်မတီကို တာဝန်ခံ၍ ဤစည်းကမ်းများနှင့်အညီ ကြီးကြပ်ကွပ်ကဲရမည်။

၄။ သားသတ်လုပ်ငန်းလိုင်စင်အား တစ်ကြိမ်လျှင် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက်သာ ခွင့်ပြုရမည်။

၅။ သားသတ်လုပ်ငန်းလိုင်စင်အား ဈေးပြိုင်စနစ်ဖြင့် ရောင်းချပါက ကော်မတီနှင့် သားသတ်လုပ်ငန်း လိုင်စင်စီအကြား မှတ်ပုံတင်လေလံအာမခံစာချုပ် ချုပ်ဆိုထားရမည်။ အဆိုပါစာချုပ်တွင် သားသတ်လုပ်ငန်း လိုင်စင်စီမှ လိုက်နာရန် အသေးစိတ်အချက်အလက်များအား ကော်မတီက သတ်မှတ်ပေးရမည်။ စာချုပ် ချုပ်ဆိုခြင်းအတွက် အခွန်ငွေကုန်ကျမှုအား သားသတ်လုပ်ငန်းလိုင်စင်စီက ကျခံရမည်။

**သားသတ်ရုံများတည်ထောင်ခြင်း**

၆။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူစားသုံးရန်အလို့ငှာ နွား၊ ကျွဲ၊ ဆိတ်၊ သိုး၊ ဝက် စသည့် တိရစ္ဆာန်များအား သတ်ဖြတ်ရန်အတွက် ကော်မတီက သားသတ်ရုံများကို တည်ထောင်နိုင်သည်။ သားသတ်ရုံတည်ထောင်ခြင်းကို စိစစ်ခွင့်ပြုပေးနိုင်သည်။

၇။ အဝေးရောက်သားသတ်ရုံနေရာသည် လူနေရပ်ကွက်၊ ကျေးရွာ၊ ဘာသာရေးအဆောက်အဦ၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်းတို့နှင့် နီးကပ်ခြင်းမရှိစေရ။ အနည်းဆုံး အကျယ်အဝန်း အလျား ၅၀ ပေ၊ အနံ ၅၀ ပေ ရှိရမည်။ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ထားမှုရှိရမည်။ ခြံစည်းရိုး အခိုင်အမာရှိရမည်။

၈။ သားသတ်လုပ်ငန်းလိုင်စင်စီသည် -

(က) အဝေးရောက်သားသတ်ရုံတည်ထောင်လိုပါက ကော်မတီသို့တင်ပြပြီး ကော်မတီ၏ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်သည်။ ယင်းသို့တင်ပြရာတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ အနီးအနားဝန်းကျင် အရပ်လေးမျက်နှာအတွင်း အနီးဆုံးနေထိုင်သူများ၏ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်၊ နယ်မြေခံကျန်းမာရေးဌာန၊ မီးသတ်ဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနတို့၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်တို့နှင့်အတူ တင်ပြရမည်။

(ခ) နယ်မြေဖွံ့ဖြိုးတိုးတက်လာသည့်အလျောက် အဝေးရောက်သားသတ်ရုံနေရာသည် လူနေရပ်ကွက်များနှင့် နီးကပ်လာကြောင်းတွေ့ရှိရပါက ကော်မတီက ညွှန်ကြားလျှင် သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိသည့်နေရာသို့ ရွှေ့ပြောင်းရန်စီစဉ်ဆောင်ရွက်ရမည်။

(ဂ) အဝေးရောက်သားသတ်ရုံတည်ထောင်ရာတွင် မြေနေရာ၊ အဆောက်အဦအတွက် ကုန်ကျစရိတ်ကို သားသတ်လုပ်ငန်းလိုင်စင်စီက စရိတ်ကျခံဆောင်ရွက်ရမည်။ ကော်မတီ၏ပိုင်ဆိုင်မှုနှင့် မပတ်သက်စေရ။

## သတ်ဖြတ်မည့် တိရစ္ဆာန်များအား သားသတ်ရုံသို့ သယ်ဆောင်ခြင်း

၉။ သားသတ်လုပ်ငန်းလိုင်စင်စီသည် အသားထုတ်လုပ်ရန် ကျွဲ၊ နွား၊ သိုး၊ ဆိတ်များကို လယ်ဝေးမြို့နယ်အတွင်းရှိ လယ်ဝေးနွားပွဲဈေး၊ သာဝတ္ထိနွားပွဲဈေးတို့မှ ဝယ်ယူ၍ အသားထုတ်နယ်မြေသို့ အောက်ဖော်ပြပါလမ်းကြောင်းအတိုင်း သယ်ဆောင်ရမည်-

(က) **လယ်ဝေးနွားပွဲဈေးမှ အသားထုတ်နယ်မြေအထိလမ်းကြောင်း**

(၁) လယ်ဝေးနွားပွဲဈေးမှငွေတာရီလမ်း၊

(၂) ငွေတာရီလမ်းမှ ရွှေပြည်တော်ဝင်လမ်းအားဖြတ်၍ နေပြည်တော်မြို့ပတ်လမ်း၊

(၃) နေပြည်တော်မြို့ပတ်လမ်းအတိုင်းသယ်ဆောင်၍ မြို့ပတ်လမ်းဘေးရှိ အသားထုတ်နယ်မြေအထိသယ်ဆောင်ရန်။

(ခ) **သာဝတ္ထိနွားပွဲဈေးမှ အသားထုတ်နယ်မြေအထိလမ်းကြောင်း**

(၁) သာဝတ္ထိနွားပွဲဈေးမှ ရန်ကုန်-မန္တလေးလမ်းဟောင်းအတိုင်း နေပြည်တော်လေဆိပ်လမ်းဆုံအထိ၊

(၂) နေပြည်တော်လေဆိပ်လမ်းဆုံမှ လယ်ဝေးမြို့၊ မြို့ပတ်မြို့ရှောင်လမ်းအတိုင်း လယ်ဝေးနွားပွဲဈေးအထိ၊

(၃) လယ်ဝေးနွားပွဲဈေးမှ အသားထုတ်နယ်မြေအထိ သယ်ဆောင်မည့်လမ်းကြောင်းအတိုင်း သယ်ဆောင်ရန်။

(ဂ) သယ်ဆောင်သည့်လမ်းကြောင်းပေါ်ရှိဒေသများတွင် ကျွဲနွားကူးစက်ရောဂါများ ဖြစ်ပွားနေပါက ယင်းဒေသအားဖြတ်သန်းသယ်ဆောင်ခြင်းမပြုဘဲ သက်ဆိုင်ရာသို့အကြောင်းကြား၍ လမ်းကြောင်းပြောင်းပြီး သတ်မှတ်ပေးသည့်လမ်းကြောင်းမှသာ သယ်ဆောင်ရမည်။

(ဃ) ဝယ်ယူပြီးသောကျွဲနွားများသယ်ဆောင်ရာတွင် အောက်ပါစည်းကမ်းချက်များအတိုင်း လိုက်နာရမည် -

(၁) ဝယ်ယူပြီးသောအခါ ကျွဲနွားများအား သားသတ်ရုံသို့ သယ်ယူရာတွင် သတ်မှတ်ထားသည့်လမ်းကြောင်း (ကွန်ကရစ်လမ်း/ကတ္တရာလမ်း) ဘေးမှသာ သယ်ယူရမည်။ (သတ်မှတ်လမ်းကြောင်းများကို ပြောင်းလဲအသုံးပြုရန် လိုအပ်ပါက ကော်မတီက ထပ်မံညွှန်ကြားမည်)။

(၂) ထိုသို့ သတ်မှတ်လမ်းကြောင်းမှ သယ်ယူရာတွင် တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနမှ အသားထုတ်လုပ်ရောင်းချခွင့်ရရှိသူဖြစ်ကြောင်း ထောက်ခံစာနှင့် နွားပွဲဈေးများမှ ဝယ်ယူသော ပြေစာဖြတ်ပိုင်း (စနေဒိုင်ပြေစာမူရင်း) များပါရှိရမည်။

(၃) သတ်မှတ်လမ်းကြောင်းတွင် လှုပ်ရှားသွားလာနေသည့် ပြည်သူများ၊ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ စိုက်ပျိုးထားသည့်စိုက်ပျိုးပင်များနှင့် လမ်းပခုံးနယ်နိမိတ်များအား နှောင့်ယှက်ပျက်စီးမှုမရှိစေရေးကိုလည်း ဂရုပြုသယ်ယူရမည်။

( င ) ကျွဲနွားများကို ဝယ်ယူသယ်ဆောင်မှုသည် မိမိလုပ်ကိုင်ခွင့်ရသည့် သားသတ်လိုင်စင်နယ်မြေအတွင်း အသားထုတ်လုပ်ရောင်းချရန်အတွက်သာဖြစ်သည်။

**စားသုံးရန်အတွက် တိရစ္ဆာန်များသတ်ဖြတ်ခွင့်ပြုခြင်း**

၁၀။ သားသတ်လုပ်ငန်းလိုင်စင်စီသည် -

(က) အသားထုတ်လုပ်ရန်ဖြစ်သော (ကျွဲ၊ နွား) သည် အောက်ပါစည်းကမ်းချက်များနှင့်အညီဖြစ်မှသာ သတ်ဖြတ်ရမည် -

(၁) ကျန်းမာသန်စွမ်း၍ ရောဂါမရှိသောတိရစ္ဆာန်ဖြစ်ရမည်။ ကူးစက်ရောဂါဖြစ်ပွားနေသော တိရစ္ဆာန်များနှင့်အသေကောင်များမဖြစ်စေရ။ ဇီးရှိသောအမများ မဖြစ်စေရ။

(၂) ကာကွယ်ဆေးနှင့်အခြားဆေးများထိုးနှံပြီး ရက်သတ္တပတ် (၂) ပတ်ကျော်သော တိရစ္ဆာန် ဖြစ်ရမည်။

(၃) သတ်ဖြတ်မည့်တိရစ္ဆာန်များအား သားသတ်ရုံသို့ ရောက်ရှိပြီး အနည်းဆုံး (၂၄) နာရီ အနားပေးပြီးမှသာ သတ်ဖြတ်ရမည်။

(၄) အသက် (၁၆) နှစ်နှင့် ၎င်းအထက်အရွယ်ရှိ ကျွဲ/နွားအထီးများနှင့် သားဖောက်ခြင်း မပြုနိုင်သောအမများကိုသာ သတ်ဖြတ်ရမည်။

(၅) ဒဏ်ရာကြောင့်ဖြစ်စေ၊ ကိုယ်ခန္ဓာချို့တဲ့၍ဖြစ်စေ အစဉ်သဖြင့် အလုပ်မလုပ်နိုင်သော ကျွဲ/နွား အထီး/အမများကိုသာ သတ်ဖြတ်ရမည်။

(၆) ဌာနတွင် ကျန်းမာရေးကြိုတင် စစ်ဆေးခံထားပြီးဖြစ်သော တိရစ္ဆာန်များကိုသာ သတ်ဖြတ် ရမည်။

( ခ ) အများပြည်သူများစားသုံးရန်အတွက် သတ်ဖြတ်မည့်တိရစ္ဆာန်သည် ကျန်းမာရေးနှင့်ညီညွတ်မှု ရှိ/မရှိ၊ သတ်ဖြတ်ခွင့်ပြုနိုင်ရန် အရည်အချင်းနှင့်ပြည့်စုံမှု ရှိ/မရှိ ဌာနကစစ်ဆေးပေးနိုင်ရန် ကြိုတင် တင်ပြထားရမည်။ ဌာနမှစစ်ဆေးပြီး သတ်ဖြတ်ခွင့်ပြုမှသာ တိရစ္ဆာန်ကို သတ်ဖြတ်ရမည်။

( ဂ ) ကော်မတီက ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် ခွင့်ပြုသော တိရစ္ဆာန်ကောင်ရေအရ နေ့စဉ် သတ်ဖြတ်ရမည့် ကောင်ရေအတိုင်းသာ သတ်ဖြတ်ရမည်။ ပို၍သတ်ဖြတ်ခြင်း မပြုရ။ အကယ်၍ သတ်မှတ်ကောင်ရေထက် ပိုမိုသတ်ဖြတ်ရန် အကြောင်းရှိလာပါက ကော်မတီသို့ ရက်သတ္တတစ်ပတ် ကြိုတင်တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ သတ်ဖြတ်နိုင်သည်။ ယင်းသို့ သတ်ဖြတ်ရာတွင် တစ်နှစ်တာ အတွက် ခွင့်ပြုထားသော ကောင်ရေထက်မပိုစေရ။

(ဃ) ဌာနက သတ်မှတ်ပေးသော အချိန်အတွင်းတွင်သာ သတ်ဖြတ်ရမည်။

( င ) ဘာသာရေးပွဲ (ဘက္ကရီအီးဒ်နေ့) ဆောင်ရွက်ရန် အသားသတ်ဖြတ်မည့် ကိစ္စရပ်အတွက် ကော်မတီသည် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးရုံး၏ တင်ပြချက်အပေါ် စိစစ်ခွင့်ပြုပေးနိုင်သည်။

(စ) သတ်ဖြတ်သည့် ကောင်ရေအလိုက် ကော်မတီက သတ်မှတ်ထားသော ခေါင်းခွန်ကြေးကို ထုတ်လုပ်သည့်လ၏ နောက်လ လဆန်း (၅) ရက်နေ့ထက်နောက်မကျဘဲ ဌာနသို့ချလန်ဖြင့် ပေးသွင်းရမည်။ ရက်လွန်ခဲ့ပါက တစ်ရက်လျှင် ငွေကျပ် ၁၀၀ ပေါ်တွင် ၅၀ ပြားနှုန်းဖြင့် ဒဏ်ကြေးကို ချလန်ဖြင့် တစ်ပါတည်းပေးသွင်းရမည်။ ဘဏ္ဍာရေးနှစ်၏ နောက်ဆုံးလဖြစ်သော မတ်လအတွက် ခေါင်းခွန်ကြေးအား မတ်လ (၂၀) ရက်နေ့မတိုင်မီ အပြီးပေးသွင်းရမည်။

(ဆ) တိရစ္ဆာန်သတ်ဖြတ်ခြင်းမှ ဘေးထွက်ပစ္စည်းဖြစ်သော ကျွဲ၊ နွား၊ သိုး၊ ဆိတ် သားရေများအား တိရစ္ဆာန်ဘေးထွက်ပစ္စည်းရောင်းဝယ်ခွင့်လိုင်စင်ရရှိသူထံမှတစ်ဆင့် တပ်မတော်သားရေစက်ရုံသို့ သတ်မှတ်သည့်အရေအတွက်အတိုင်း ရောင်းချရမည်။

(ဇ) အမဲနှင့်ဆိတ် သားသတ်လုပ်ငန်းလိုင်စင်စီများသည် အသားထုတ်လုပ်ရာမှထွက်ရှိလာသည့် ဘေးထွက်ပစ္စည်း (သားရေ၊ အရိုး) များကို မိမိကိုယ်တိုင် ပြုပြင်ရောင်းဝယ်လိုပါက တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတွင် ဘေးထွက်ပစ္စည်း ရောင်းဝယ်ခွင့် လိုင်စင်လျှောက်ထားရမည်။ လိုင်စင်မပြုလုပ်ပါက နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်ဘေးထွက် ပစ္စည်းရောင်းဝယ်ခွင့် လိုင်စင်ရရှိထားသူများထံသို့သာ ရောင်းချရမည်။ ဇမ္ဗူသီရိ၊ ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း သားသတ်လုပ်ငန်းလိုင်စင်စီများသည် ဘေးထွက်ပစ္စည်းရောင်းဝယ်ခွင့်လိုင်စင်ကို လေလံလုပ်ကိုင်ခွင့် ရသည်နှင့်တစ်ပြိုင်တည်း ပြုလုပ်ရမည်။

**သတ်ဖြတ်ပြီးတိရစ္ဆာန် (အသား) များအား ရောင်းချမည့်ဈေးသို့သယ်ဆောင်ခြင်း**

၁၁။ အသားထုတ်လုပ်ရန်တိရစ္ဆာန် (အရှင်) များကို သားသတ်ရုံသို့ သယ်ယူရာတွင်လည်းကောင်း၊ ထုတ်လုပ်ပြီး အသားများကို လက်လီ၊ လက္ကားရောင်းချမည့် ဈေးသို့သယ်ယူရာတွင်လည်းကောင်း အများပြည်သူမမြင်စေရန် အကာအကွယ်ပြုလုပ်ထားသော အလုံပိတ်ယာဉ်ဖြင့် ဌာနမှသတ်မှတ်ထားသော လမ်းကြောင်းမှ အသားများနှင့် ဝမ်းတွင်းသားများကို သီးသန့်ခွဲခြားလျက် လုံခြုံစွာဖုံးအုပ်၍ သယ်ဆောင်ရမည်။

၁၂။ အသားသယ်ယာဉ်များ၏ ယာဉ်အမှတ်၊ ယာဉ်မောင်းအမည်များကို ဌာနတွင်မှတ်ပုံတင်ထားရမည့်အပြင် အသားသယ်ယာဉ်များကို သန့်ရှင်း၍ ခိုင်ခံ့ကောင်းမွန်သောအခြေအနေရှိအောင် ပြုပြင်ထားရှိရမည်။

**အသားရောင်းချခြင်း**

၁၃။ အသားများအားရောင်းချရာတွင် ကော်မတီ၏ ဈေးများအလိုက်ရောင်းချရန်သတ်မှတ်ပေးထားသော ဆိုင်ခန်းတွင်သာ ရောင်းချရမည်။

၁၄။ သားသတ်လုပ်ငန်းလိုင်စင်စီများသည် ထုတ်လုပ်သောအသားများကို ဈေးများဌာနမှ ပြုလုပ်ပေးသော (သို့) သားသတ်လုပ်ငန်းလိုင်စင်စီ အစီအစဉ်ဖြင့် ပြုလုပ်ထားသော ယင်လုံစကာဖြင့်ဖုံးအုပ်ရောင်းချရမည်။ ထိုသို့ရောင်းချရာတွင် အများပြည်သူစားသုံးရန်သင့်လျော်သည့် သန့်ရှင်းလတ်ဆတ်သော အသားများသာ ဖြစ်ရမည်။ ဈေး၌မရောင်းချမီအသားများအား ဌာနတာဝန်ရှိသူ၏ စစ်ဆေးခြင်းကိုခံယူရမည်။

၁၅။ အသားရောင်းဈေးသည်များသည် ကျန်းမာရေးကောင်းမွန်ပြီး ကူးစက်ရောဂါမရှိစေရ။ အကျင့်စာရိတ္တကောင်းမွန်ပြီး အသားဝယ်ယူသူများနှင့် ပြေပြစ်စွာပြောဆိုဆက်ဆံရမည်။

၁၆။ အသားရောင်းချသူများသည် အသားများကို ယင်ကောင်နှင့် ဖုန်စသည့် အမှိုက်သရိုက်များ မဝင်နိုင်စေရန် ယင်လုံစကာများဖြင့် သန့်ရှင်းစင်ကြယ်စွာထားရှိ၍ ရောင်းချရမည်။

၁၇။ အသားရောင်းဈေးသည်များသည် အသားကို ခုတ်စဉ်းလှီးဖြတ်သည့် စဉ်းတီတုံးကို နေ့စဉ်ခြစ်၍ ဆေးကြောခြင်း၊ ရက်သတ္တပတ်လျှင် (၁) ကြိမ် ရေနွေးဖြင့် သေချာစွာ ဆေးကြောခြင်းပြုရမည်။ စစ်ဆေးရေးအဖွဲ့က စဉ်းတီတုံးကိုလဲရန် ညွှန်ကြားလျှင် လဲလှယ်ပေးရမည်။

၁၈။ အသားသတ်လိုင်စင်စီနှင့်အသားရောင်းဈေးသည်များသည် လှီးဖြတ်စွန့်ပစ်သည့် အသား၊ အရိုးအစ အနများနှင့် အခြားအမှိုက်သရိုက်အညစ်အကြေးများကို ယင်ကောင်နှင့် ခွေးစသည့် တိရစ္ဆာန်များ ဝင်ရောက် စားသုံးမှုမရှိနိုင်ရန် ဖုံးအုပ်ထားရမည့်အပြင် ဌာနက သတ်မှတ်ညွှန်ကြားထားသည့်အတိုင်း သုတ်သင်ရှင်းလင်း ရမည်။

၁၉။ သားသတ်လုပ်ငန်းလိုင်စင်စီသည် အသားရောင်းချခြင်းအပါအဝင် သားသတ်လုပ်ငန်းလိုင်စင်အတွက် အသုံးပြုသော လုပ်သားတစ်ဦးချင်းအား ဌာနတွင်မှတ်ပုံတင်ထားရမည်။ လုပ်သားအပြောင်းအလဲရှိတိုင်း ဌာနသို့ တင်ပြရမည်။ ယင်းလုပ်သားများအား ဤစည်းကမ်းများပါ စည်းကမ်းများအား လိုက်နာရေးကို သားသတ်လုပ်ငန်းလိုင်စင်စီက တာဝန်ယူရမည်။ လုပ်သားများက စည်းကမ်းများပါအချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက သားသတ်လုပ်ငန်းလိုင်စင်စီက ဖောက်ဖျက်ကျူးလွန်သည်ဟုမှတ်ယူပြီး ကော်မတီက စည်းကမ်းများနှင့်အညီ အရေးယူရမည်။

၂၀။ သားသတ်လုပ်ငန်းလိုင်စင်စီသည် သတ်မှတ်ဈေးများတွင် အရောင်းဈေးသည် တစ်ဦးတည်းလက်ဝါးကြီးအုပ် ရောင်းချခြင်းအား လုံးဝခွင့်မပြုပါ။ အနည်းဆုံးအရောင်းဈေးဆိုင် (၃) ဆိုင်မှ (၅) ဆိုင်အထိ မဖြစ်မနေ စီစဉ်ရောင်းချနိုင်ရေးဆောင်ရွက်ရမည်။ အရောင်းဈေးသည်များ၏ ဆိုင်ခန်းများတွင် သားသတ်လုပ်ငန်း လိုင်စင်စီ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် နေရပ်လိပ်စာထည့်သွင်းဖော်ပြထားသည့် ဆိုင်းဘုတ် တပ်ဆင်ထားရမည်။

၂၁။ သားသတ်လုပ်ငန်းလိုင်စင်စီသည် ထုတ်လုပ်ပြီးသောအသားနှင့် ဆက်စပ်ပစ္စည်းများအား အလေးချိန် မှန်ကန်စွာ ခြင်တွယ်ရောင်းချရမည်။ အသားရောင်းချသည့် အသားဆိုင်အသီးသီးသည် ကော်မတီမှ အသိအမှတ်ပြုသော စံပြုသည့် အလေးနှင့်ချိန်ခွင်များထားရှိ၍ အသားရောင်းချရာတွင် ယင်းချိန်ခွင်၊ အလေးများနှင့်သာ ခြင်တွယ်ရောင်းချရမည်။

၂၂။ သားသတ်လုပ်ငန်းလိုင်စင်စီများသည် အသားလက္ကားဖြန့်ချီရာတွင် ဇမ္ဗူသီရိမြို့နယ်နှင့် ပျဉ်းမနား မြို့နယ်အတွင်းရှိဈေးများအတွက် ယုဇနဈေးရှိ ကော်မတီပိုင် အသားလက္ကားဖြန့်ချီရေးရုံများမှတစ်ဆင့်သာ အသားများ လက်လီ၊ လက္ကားဖြန့်ဖြူးရမည်။ ကျန်မြို့နယ်များတွင် ကော်မတီပိုင်ဈေးများ၊ ကျေးလက်ဈေး များတွင်သာ ရောင်းချရမည်။

၂၃။ အသားဈေးနှုန်းများကို ကော်မတီမှ သတ်မှတ်ထားသည့် လိုင်စင်စည်းကမ်းချက်ပါ ဈေးနှုန်းများ အတိုင်း ရောင်းချရမည်။

၂၄။ အသားရောင်းချခွင့်ရရှိသူသည် ကျန်းမာရေးနှင့်ညီညွတ်စွာ ရောင်းချမှု ရှိ/မရှိ ကျန်းမာရေးအရာရှိက သော်လည်းကောင်း၊ တိရစ္ဆာန်ဆေးကုသရေးအရာရှိကသော်လည်းကောင်း၊ ပြည်သူ့ရဲတပ်ဖွဲ့အရာရှိက သော်လည်းကောင်း၊ စစ်ဆေးမှုကိုခံယူရမည့်အပြင် ကြည့်ရှုစစ်ဆေးလိုလျှင် အသားယူဆောင်ခွင့်လက်မှတ်ကို လည်း ထုတ်ပြရမည်။

## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၂၅။ ကော်မတီသည် ဤစည်းကမ်းများအရ ကော်မတီ၏ခွင့်ပြုချက်အရမဟုတ်ဘဲ သတ်ဖြတ်ထားသည့် တိရစ္ဆာန်အသေကောင်ကိုဖြစ်စေ၊ အသားကိုဖြစ်စေ၊ တိရစ္ဆာန်ဘေးထွက်ပစ္စည်း (သားရေ၊ အရိုး) ကိုဖြစ်စေ ဖမ်းဆီးသိမ်းယူနိုင်၍ စည်းကမ်းဖောက်ဖျက်သူအား တရားစွဲနိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်သည်။

၂၆။ ထိုသို့ သိမ်းယူရရှိသည့် တိရစ္ဆာန်အသေကောင်ကိုဖြစ်စေ၊ အသားကိုဖြစ်စေ၊ တိရစ္ဆာန်ဘေးထွက် ပစ္စည်း (သားရေ၊ အရိုး) ကိုဖြစ်စေ၊ လေလံတင်ရောင်းချနိုင်သည်။ သို့တည်းမဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲနိုင်သည်။ ၎င်းအပြင် ထိုသို့ရောင်းချရရှိငွေများကို ကော်မတီ၏ ငွေရေးကြေးရေးစာရင်းရှင်တွင် ယာယီအပ်ငွေအဖြစ် ပေးသွင်းထားရမည်။

၂၇။ ထိုသို့သိမ်းယူထားသော တိရစ္ဆာန်အသေကောင်၊ အသား၊ တိရစ္ဆာန်ဘေးထွက်ပစ္စည်း (သားရေ၊ အရိုး) ပိုင်ရှင်သည် သိမ်းယူသည့်နေ့ရက်မှ တစ်လအတွင်း လာရောက်၍ ကော်မတီမှ ကျေနပ်လောက်အောင် မိမိ၌ပိုင်ဆိုင်ခွင့်ရှိကြောင်း သက်သေအထင်အရှားမပြနိုင်လျှင်သော်လည်းကောင်း သို့တည်းမဟုတ် နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း အထက်ပါ ရောင်းရငွေများကို ကော်မတီပိုင်အဖြစ် သတ်မှတ်ရမည်။

၂၈။ သားသတ်ရုံအတွင်း တိရစ္ဆာန်အရှင် သို့မဟုတ် အသေကောင်ကို ကြည့်ရှုစစ်ဆေးရန်ဖြစ်စေ၊ သားသတ်ရုံနှင့်စပ်လျဉ်းသည့် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်ကို ကြည့်ရှုစစ်ဆေးရန်ဖြစ်စေ ကော်မတီမှ တာဝန်ပေးအပ်ထားသော သက်ဆိုင်ရာဝန်ထမ်းသည် သားသတ်ရုံအတွင်းသို့ အချိန်အခါမရွေးလွတ်လပ်စွာ ဝင်ရောက်စစ်ဆေးနိုင်သည်။

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၂၉။ ဤစည်းကမ်းများအရ သားသတ်လုပ်ငန်းလိုင်စင်ရသည် သတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဤစည်းကမ်းချက်ပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း သတ်မှတ်ထားသော တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း သားသတ်လုပ်ငန်း လိုင်စင်ရအား ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) သားသတ်လိုင်စင်လုပ်ငန်းအား ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) သားသတ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုချက်အား ပယ်ဖျက်၍ သားသတ်လုပ်ငန်း ဆောင်ရွက်ခြင်း အား ပြန်လည်သိမ်းယူခြင်း။

၃၀။ ကော်မတီသည် သတ်မှတ်ထားသည့် လုပ်ငန်းလိုင်စင်ကြေး၊ ခေါင်းခွန်ကြေးများကို သတ်မှတ်ရက် ထက် (၁) လကျော်သည်အထိ မပေးသွင်းသည့်သားသတ်လုပ်ငန်းလိုင်စင်ရကို စည်းကမ်းများ၊ စည်းကမ်းချက် များပါအတိုင်း အဆင့်ဆင့်အရေးယူသွားရမည်။

၃၁။ သားသတ်လုပ်ငန်းလိုင်စင်ရသည် သတ်မှတ်ထားသော စည်းကမ်းများနှင့် စည်းကမ်းချက်များအား ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိပါက သားသတ်လိုင်စင်လုပ်ကိုင်ခွင့်အား ပြန်လည်ရုပ်သိမ်းပြီး သားသတ် လုပ်ငန်းလိုင်စင်ရက ကော်မတီသို့ ပေးသွင်းထားသော အာမခံငွေများကို ကော်မတီပိုင်အဖြစ် သိမ်းယူ၍ နာမည်ပျက်စာရင်း ကြေညာမည်။ ထိုအခါတွင် ကော်မတီသည် လက်ကျန်ကာလအတွက် ထပ်မံ၍ ဈေးပြိုင် စနစ်ဖြင့် ရောင်းချနိုင်သည်။ ယင်းသို့ ရောင်းချရာတွင် မူလလေလံကြေးထက် လျော့နည်း၍ရရှိခဲ့ပါက လိုအပ်သည့်ငွေကြေးကို နာမည်ပျက်စာရင်းအသွင်းခံရသူ သားသတ်လုပ်ငန်းလိုင်စင်ရက ကော်မတီသို့ ပေးသွင်းရမည်။

၃၂။ ကော်မတီသည် သားသတ်လုပ်ငန်းလိုင်စင်ရထံမှ ရရန်ရှိသော အခွန်၊ အခနှင့် ဒဏ်ကြေးကြွေးကျန် များကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကော်လိပ်တော်အရာရှိခန့်အပ်၍ အရကောက်ခံခွင့်ရှိသည်။

## တားမြစ်ချက်များနှင့်အရေးယူခြင်း

၃၃။ သားသတ်လုပ်ငန်းလိုင်စင်စီသည် ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အသားထုတ်လုပ်ရောင်းချသည့်လုပ်ငန်းကို ကိုယ်စားလှယ်လွှဲအပ်ခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ ထပ်ဆင့်ရောင်းချခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရ။

၃၄။ မည်သူမဆို ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ သားသတ်ရုံတည်ထောင်ခြင်း၊ သားသတ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း၊ အသားသယ်ဆောင်ခြင်း၊ အသားလက်ဝယ်ထားရှိခြင်း၊ ဘေးထွက်ပစ္စည်း (သားရေ၊ အရိုး) သယ်ဆောင်ခြင်း မပြုလုပ်ရ။

၃၅။ သားသတ်လုပ်ငန်းလိုင်စင်စီသည် အဝေးရောက်သားသတ်ရုံနေရာတွင် သားသတ်ခြင်းလုပ်ငန်းမှတစ်ပါး အခြားလုပ်ငန်းများအား ဆောင်ရွက်ခြင်း မရှိစေရ။

၃၆။ ကော်မတီက တိရစ္ဆာန်သတ်ဖြတ်ခြင်း၊ အသားထုတ်လုပ်ခြင်း၊ အသားရောင်းချခြင်းမပြုရန်သတ်မှတ်ထားသည့်နေ့ရက်များတွင် တိရစ္ဆာန်သတ်ဖြတ်ခြင်း၊ အသားထုတ်လုပ်ခြင်း၊ အသားရောင်းချခြင်းမပြုလုပ်ရ။

၃၇။ သားသတ်လုပ်ငန်းလိုင်စင်စီသည် ဌာနတွင် မှတ်ပုံတင်ထားသော ယာဉ်မှအပ အခြားယာဉ်များဖြင့်အသားသယ်ဆောင်ခြင်း မပြုရ။

၃၈။ သားသတ်လုပ်ငန်းလိုင်စင်စီသည် ကော်မတီမှ သတ်မှတ်ထားသော လမ်းကြောင်းမှအပ အခြားလမ်းများမှတိရစ္ဆာန်နှင့်အသားများကို သယ်ဆောင်ခြင်းမပြုရ။

၃၉။ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပဒေသများသို့ သားရေစိမ်းအတိုင်းသော်လည်းကောင်း၊ တိရစ္ဆာန်အကောင်လိုက်သော်လည်းကောင်း၊ အသားကိုသော်လည်းကောင်း၊ ပြုပြင်ပြီးအသားကိုသော်လည်းကောင်း သယ်ဆောင်ခြင်း၊ ရောင်းချခြင်း မပြုလုပ်ရ။

၄၀။ သားသတ်လုပ်ငန်းလိုင်စင်စီနှင့် အသားရောင်းဈေးသည်များသည် အသားများကိုရေထိုး၍ရောင်းချခြင်း၊ အခြားအသားများ၊ မလတ်ဆတ်သောအသားများနှင့်ရောနှော၍ရောင်းချခြင်း၊ တားမြစ်ဓာတုဆိုးဆေးများ အသုံးပြု၍ ရောင်းချခြင်းမပြုရ။

၄၁။ သားသတ်လုပ်ငန်းလိုင်စင်စီသည် ရပ်ကွက်၊ ကျေးရွာအိမ်ဝိုင်းများအတွင်း အသားထွင်ခြင်း၊ အသားဖြန့်ဖြူးခြင်းလုပ်ငန်းများ မဆောင်ရွက်ရ။ သတ်မှတ်နယ်မြေကျော်လွန်၍ သယ်ယူခြင်း၊ ရောင်းချခြင်းမပြုရ။

၄၂။ မည်သူမဆို လူနေရပ်ကွက်အတွင်း အိမ်ဝိုင်းအတွင်း အသားထွင်ခြင်း၊ အသားရောင်းချခြင်းလုံးဝမပြုရ။

၄၃။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူ စားသုံးရန်အလို့ငှာ တိရစ္ဆာန်များသတ်ဖြတ်ခြင်း၊ ကော်မတီ၏ခွင့်ပြုချက်ရရှိသော သားသတ်လုပ်ငန်းလိုင်စင်စီမှလွဲ၍ မည်သူမျှတိရစ္ဆာန်များအား စားသုံးရန်အလို့ငှာ သတ်ဖြတ်ခြင်းမပြုရ။

၄၄။ အသားရောင်းချသူများသည် မည်သည့်တိရစ္ဆာန် သို့မဟုတ် ကြက်၊ ငှက် သတ္တဝါကိုမျှ ရောင်းချသည့်ဆိုင်အတွင်း ဝင်ရောက်ခြင်း၊ မွေးမြူခြင်းမရှိစေရ။

၄၅။ ဤစည်းကမ်းပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ မည်သူမဆိုဖောက်ဖျက်ကျူးလွန်လျှင် နေပြည်တော်စည်ပင်သာယာရေးဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရအရေးယူခြင်းခံရမည်။

**အထွေထွေ**

၄၆။ ကော်မတီသည် တိရစ္ဆာန်အမျိုးအစားကိုလိုက်၍ သားသတ်ရုံတစ်ခုစီ ခွဲခြားသတ်မှတ်ထားရှိရမည့်အပြင် ဌာနကသတ်မှတ်ထားသည့် သားသတ်ရုံမှတ်ပုံတင်စာရင်းစာအုပ် ဖွင့်လှစ်ထိန်းသိမ်းထားရှိရမည်။

၄၇။ သားသတ်ရုံကို သက်ဆိုင်ရာကျန်းမာရေးအရာရှိက ညွှန်ကြားသည့်အတိုင်း သန့်ရှင်းစင်ကြယ်စွာ ဆေးကြောသုတ်သင်ထားရမည်။

၄၈။ ဤစည်းကမ်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရ၍ စည်းကမ်းများနှင့်အညီ ဖြစ်စေရန်အတွက် ဌာနတာဝန်ရှိဝန်ထမ်းက တာဝန်နှင့်အညီတားမြစ်လာလျှင် ဖောက်ဖျက်ကျူးလွန်သူ သားသတ်လုပ်ငန်းလိုင်စင်စီမှ ချက်ချင်းလိုက်နာဆောင်ရွက်ရမည်။

၄၉။ ကော်မတီသည် ဤစည်းကမ်းပါ အခွန်၊ အခနှင့်ဒဏ်ကြေးနှုန်းထားများ၊ အသားရောင်းဈေးနှုန်းများကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၀။ ကော်မတီသည် အခွန်၊ အခကောက်ခံခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အရပ်ရပ်အခွင့်အရေးလိုင်စင် လုပ်ငန်းအဖြစ်လုပ်ပိုင်ခွင့်ကို ကော်မတီကလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုပေးနိုင်သည်။

၅၁။ သားသတ်လုပ်ငန်းလိုင်စင်စီသည် ကော်မတီက သီးခြားသတ်မှတ်သည့် စည်းကမ်းချက်များကိုလည်း ဤစည်းကမ်းများ၏ အစိတ်အပိုင်းအဖြစ် မှတ်ယူလိုက်နာရမည်။

၅၂။ ဤစည်းကမ်းများနှင့် စပ်လျဉ်း၍ ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၅၃။ ဤအမိန့်ကြော်ငြာစာသည် ဤကိစ္စနှင့် စပ်လျဉ်း၍ နောက်ထပ် အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်သရွေ့ အတည်ဖြစ်စေရမည်။

(ပုံ) ဒေါက်တာမျိုးအောင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်ကောင်စီ**

**ရုံးအမိန့်အမှတ် (၁၃/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

**နေပြည်တော်ကောင်စီအတွင်းရေးမှူး တာဝန်ပေးအပ်ခြင်း**

ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၃၅/၂၀၁၇) ဖြင့် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့ တာဝန်ချထားခြင်းခံရသော တနင်္သာရီတိုင်းဒေသကြီး၊ အုပ်ချုပ်ရေးမှူး ဦးဝင်းရှိန် (ပ/၄၀၈၂) အား နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နေပြည်တော်ကောင်စီအတွင်းရေးမှူး တာဝန်ထမ်းဆောင်စေလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် ( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၇၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် )

အမှတ် ၁၆၇/၂၀၁၆ ။ ။ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)၊ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃) တွင် တက်ရောက်သင်ကြားအောင်မြင်ခဲ့ကြသော အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) ဒေါ်ဝတ်ရည်အောင် ကြည်း ၇၁၄၈၉
(၂) ဒေါ်နှင်းဝေလွင် ကြည်း ၇၁၄၉၀
(၃) ဒေါ်မေမြတ်မူ ကြည်း ၇၁၄၉၁
(၄) ဒေါ်ဝင့်သီရိနေဝင်း ကြည်း ၇၁၄၉၂
(၅) ဒေါ်ဖူးပွင့်ဖြူ ကြည်း ၇၁၄၉၃
(၆) ဒေါ်ယုယုအေး ကြည်း ၇၁၄၉၄
(၇) ဒေါ်မေသကြိန် ကြည်း ၇၁၄၉၅
(၈) ဒေါ်စုရည်ပြုံး ကြည်း ၇၁၄၉၆
(၉) ဒေါ်လှိုင်မိုးသွယ် ကြည်း ၇၁၄၉၇
(၁၀) ဒေါ်ပန်းအိလင်း ကြည်း ၇၁၄၉၈
(၁၁) ဒေါ်အေးအေးသိန်း ကြည်း ၇၁၄၉၉
(၁၂) ဒေါ်ခင်ခင်ဦး ကြည်း ၇၁၅၀၀
(၁၃) ဒေါ်အိရွှေစင် ကြည်း ၇၁၅၀၁
(၁၄) ဒေါ်သင်းဆုအေးကို ကြည်း ၇၁၅၀၂
(၁၅) ဒေါ်အေးအေးနွယ် ကြည်း ၇၁၅၀၃
(၁၆) ဒေါ်နှင်းဝတ်ရည် ကြည်း ၇၁၅၀၄
(၁၇) ဒေါ်ချစ်စုမြတ်နိုးကြည်လွင် ကြည်း ၇၁၅၀၅
(၁၈) ဒေါ်ရွှန်းသော်တာကျော် ကြည်း ၇၁၅၀၆
(၁၉) ဒေါ်ဝင်းမို့မို့လှိုင် ကြည်း ၇၁၅၀၇
(၂၀) ဒေါ်သန်းသန်းမူ ကြည်း ၇၁၅၀၈
(၂၁) ဒေါ်အိန္ဒြာအောင်ကျော် ကြည်း ၇၁၅၀၉
(၂၂) ဒေါ်ပြည့်စုံအေး ကြည်း ၇၁၅၁၀
(၂၃) ဒေါ်ခိုင်သဇင်စိုး ကြည်း ၇၁၅၁၁
(၂၄) ဒေါ်အိသိင်္ဂီမြတ် ကြည်း ၇၁၅၁၂
(၂၅) ဒေါ်သက်ပိုပိုကျော် ကြည်း ၇၁၅၁၃
(၂၆) ဒေါ်ဆုရည်မျိုး ကြည်း ၇၁၅၁၄
(၂၇) ဒေါ်ရွှေစင်သက်ဝေ ကြည်း ၇၁၅၁၅
(၂၈) ဒေါ်အေးအေးအောင် ကြည်း ၇၁၅၁၆
(၂၉) ဒေါ်သက်ဂုဏ်မြတ်ဇေ ကြည်း ၇၁၅၁၇
(၃၀) ဒေါ်ယမင်းသူဇာကျော် ကြည်း ၇၁၅၁၈
(၃၁) ဒေါ်ဖူးပြည့်လွင် ကြည်း ၇၁၅၁၉
(၃၂) ဒေါ်ချယ်ရီစိုး ကြည်း ၇၁၅၂၀

| | | |
|---|---|---|
| (၃၃) | ဒေါ်မြင့်သူဇာတင့် | ကြည်း ၇၁၅၂၁ |
| (၃၄) | ဒေါ်နီနီဝင်း | ကြည်း ၇၁၅၂၂ |
| (၃၅) | ဒေါ်သီတာစိုး | ကြည်း ၇၁၅၂၃ |
| (၃၆) | ဒေါ်အိန္ဒြေ | ကြည်း ၇၁၅၂၄ |
| (၃၇) | ဒေါ်ယုနန္ဒာမိုး | ကြည်း ၇၁၅၂၅ |
| (၃၈) | ဒေါ်ယုဇနစံဝင်း | ကြည်း ၇၁၅၂၆ |
| (၃၉) | ဒေါ်သက်သက်အောင် | ကြည်း ၇၁၅၂၇ |
| (၄၀) | ဒေါ်အင်ကြင်းစံ | ကြည်း ၇၁၅၂၈ |
| (၄၁) | ဒေါ်အင်ကြင်းမေ | ကြည်း ၇၁၅၂၉ |
| (၄၂) | ဒေါ်ဇင်မာဖြူ | ကြည်း ၇၁၅၃၀ |
| (၄၃) | ဒေါ်ခင်စန္ဒီကျော် | ကြည်း ၇၁၅၃၁ |
| (၄၄) | ဒေါ်ချယ်ရီအောင် | ကြည်း ၇၁၅၃၂ |
| (၄၅) | ဒေါ်ထိပ်ထားနွယ် | ကြည်း ၇၁၅၃၃ |
| (၄၆) | ဒေါ်ငြိမ်းလဲ့လဲ့အောင် | ကြည်း ၇၁၅၃၄ |
| (၄၇) | ဒေါ်သဲနုခင် | ကြည်း ၇၁၅၃၅ |
| (၄၈) | ဒေါ်ဆုဆုဝင်း | ကြည်း ၇၁၅၃၆ |
| (၄၉) | ဒေါ်သဥ္ဇာ | ကြည်း ၇၁၅၃၇ |
| (၅၀) | ဒေါ်လှိုင်လှိုင်ထွေး | ကြည်း ၇၁၅၃၈ |
| (၅၁) | ဒေါ်ဇင်ငြိမ်းအေး | ကြည်း ၇၁၅၃၉ |
| (၅၂) | ဒေါ်ဝတ်ရည်မွန် | ကြည်း ၇၁၅၄၀ |
| (၅၃) | ဒေါ်ဟေမာန်ဇော် | ကြည်း ၇၁၅၄၁ |
| (၅၄) | ဒေါ်ရွှေမိမိအောင် | ကြည်း ၇၁၅၄၂ |
| (၅၅) | ဒေါ်သဲစုကျော် | ကြည်း ၇၁၅၄၃ |
| (၅၆) | ဒေါ်အိအိခင် | ကြည်း ၇၁၅၄၄ |
| (၅၇) | ဒေါ်မြတ်သီရိရွှေ | ကြည်း ၇၁၅၄၅ |
| (၅၈) | ဒေါ်ဖြိုးဖွေးဖွေးပိုင် | ကြည်း ၇၁၅၄၆ |
| (၅၉) | ဒေါ်ကေဇင်ကျော်လှိုင် | ကြည်း ၇၁၅၄၇ |
| (၆၀) | ဒေါ်မိမိစံ | ကြည်း ၇၁၅၄၈ |
| (၆၁) | ဒေါ်ဝေစန္ဒာမျိုး | ကြည်း ၇၁၅၄၉ |
| (၆၂) | ဒေါ်အဲ(လ်)ပိုတင့်လွင် | ကြည်း ၇၁၅၅၀ |
| (၆၃) | ဒေါ်နော်အိမွန်မွန်အောင် | ကြည်း ၇၁၅၅၁ |
| (၆၄) | ဒေါ်အင်ကြင်းမေ | ကြည်း ၇၁၅၅၂ |
| (၆၅) | ဒေါ်ဖွန်နီနီကို | ကြည်း ၇၁၅၅၃ |
| (၆၆) | ဒေါ်ချယ်ရီအောင် | ကြည်း ၇၁၅၅၄ |
| (၆၇) | ဒေါ်သဥ္ဇာမျိုးသိန်း | ကြည်း ၇၁၅၅၅ |
| (၆၈) | ဒေါ်စိမ်းလဲ့ချို | ကြည်း ၇၁၅၅၆ |
| (၆၉) | ဒေါ်မျိုးမျိုးဆွေ | ကြည်း ၇၁၅၅၇ |
| (၇၀) | ဒေါ်စုဖြိုးလှိုင် | ကြည်း ၇၁၅၅၈ |
| (၇၁) | ဒေါ်ခင်စန္ဒာကျော် | ကြည်း ၇၁၅၅၉ |
| (၇၂) | ဒေါ်သက်နန္ဒာထက် | ကြည်း ၇၁၅၆၀ |
| (၇၃) | ဒေါ်သဇင်အေး | ကြည်း ၇၁၅၆၁ |
| (၇၄) | ဒေါ်သဲနုစံ | ကြည်း ၇၁၅၆၂ |
| (၇၅) | ဒေါ်လှိုင်းဝေဖြူ | ကြည်း ၇၁၅၆၃ |
| (၇၆) | ဒေါ်သီတာဝင်း | ကြည်း ၇၁၅၆၄ |
| (၇၇) | ဒေါ်သန္တာခိုင် | ကြည်း ၇၁၅၆၅ |
| (၇၈) | ဒေါ်ပြည့်ဆုမွန် | ကြည်း ၇၁၅၆၆ |
| (၇၉) | ဒေါ်ငြိမ်းငြိမ်းနွယ် | ကြည်း ၇၁၅၆၇ |
| (၈၀) | ဒေါ်ဝင့်ဝါထက် | ကြည်း ၇၁၅၆၈ |
| (၈၁) | ဒေါ်စောယုဝတီ | ကြည်း ၇၁၅၆၉ |
| (၈၂) | ဒေါ်ထက်ထက်ဝေ | ကြည်း ၇၁၅၇၀ |
| (၈၃) | ဒေါ်ထိုက်ထိုက်ဇော် | ကြည်း ၇၁၅၇၁ |
| (၈၄) | ဒေါ်အေးမွန်အောင် | ကြည်း ၇၁၅၇၂ |
| (၈၅) | ဒေါ်ချစ်စိုးနွယ် | ကြည်း ၇၁၅၇၃ |
| (၈၆) | ဒေါ်သက်သဇင်ထွန်း | ကြည်း ၇၁၅၇၄ |
| (၈၇) | ဒေါ်လှလှထွေး | ကြည်း ၇၁၅၇၅ |
| (၈၈) | ဒေါ်ခိုင်သဇင်သန်း | ကြည်း ၇၁၅၇၆ |
| (၈၉) | ဒေါ်စိန်ဆုဝေ | ကြည်း ၇၁၅၇၇ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် ( ၂၀၁၇ ခုနှစ်၊ မတ်လ ၁၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရကြော်ငြာစာ

**ဧမြတ်သူ ထုတ်လုပ်မှုနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

၂၀၁၇ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သောအစည်းအဝေးဆုံးဖြတ်ချက် (Extraordinary Resolution) အရ **ဧမြတ်သူ ထုတ်လုပ်မှုနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (AYE MYAT THU PRODUCTION & TRADING COMPANY LIMITED)** ကို (၁၀-၃-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမင်းလွင်ထူး အထက်တန်းရှေ့နေ (၂၁၂၉၆) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမင်းလွင်ထူး
(LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရကြော်ငြာစာ

**ပိစ် မြန်မာ ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်**

၂၀၁၇ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် **(Extraordinary Resolution)** အရ **ပိစ် မြန်မာ ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက် (PEACE MYANMAR HOLDING COMPANY LIMITED)** ကို (၁၀-၃-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမင်းလွင်ထူး အထက်တန်းရှေ့နေ (၂၁၂၉၆) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

SAW AUNG
MANAGING DIRECTOR
PEACE MYANMAR HOLDING CO., LTD.

ဦးမင်းလွင်ထူး
(LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**အာရှ ဘက် (စ်) လင့် (ခ်) ကုမ္ပဏီလီမိတက်**

၂၀၁၇ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သောအစည်းအဝေးဆုံးဖြတ်ချက် (Extraordinary Resolution) အရ **အာရှ ဘက် (စ်) လင့် (ခ်) ကုမ္ပဏီလီမိတက် (ASIA BEST LINK COMPANY LIMITED)** ကို (၁၀-၃-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးမင်းလွင်ထူး အထက်တန်းရှေ့နေ (၂၁၂၉၆) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Soe Maung Maung
Managing Director
Asia Best Link Co., Ltd.

ဦးမင်းလွင်ထူး
(LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၁၂၉၆)
အမှတ် (၈၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

**ရွှေငွေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

**(ELECTRUM TRADING COMPANY LIMITED)**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေငွေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (ELECTRUM TRADING COMPANY LIMITED)** ကို အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်မေမေတင့် [ဘီကွမ်း (အေအေ)၊ စီပီအေ] အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်နေ့မှစ၍ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးမျိုးမင်းစိုး
မန်နေးဂျင်းဒါရိုက်တာ
ရွှေငွေ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

မေမေတင့်
[ဘီကွမ်း (အေအေ)၊ စီပီအေ]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၂၂၅)၊ (ဒုထပ်)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ပုဒ်မ ၂၀၈ (င) အရ

**ELECTRUM CONSTRUCTION COMPANY LIMITED**

အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းခြင်း

အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်မှအစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို (၂၄-၄-၂၀၁၇) နေ့၊ နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ အမှတ် - ၅ ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

ဦးကျော်စိုးဝင်း
မန်နေးဂျင်းဒါရိုက်တာ
ရွှေငွေ ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်

မေမေတင့်
[ဘီကွမ်း (အေအေ)၊ စီပီအေ]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၂၂၅)၊ (ဒုထပ်)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ရန်ကုန်ရုံးခွဲ ဖျက်သိမ်းကြောင်းကြော်ငြာ
အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**FRITZ WERNER INDUSTRIE -AUSRUSTUNGEN GmbH (Yangon Branch)**

၂၀၁၇ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏အစည်းအဝေး ဆုံးဖြတ်ချက်အရ **FRITZ WERNER INDUSTRIE - AUSRUSTUNGEN GmbH (Yangon Branch)** အား ၂၀၁၇ ခုနှစ်၊ မတ်လ (၇) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ရန်ကုန်ရုံးခွဲမှရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၇ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့ထက် နောက်မကျစေဘဲ၊ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့်ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

R . Wiegand
Representative
FRITZ WERNER
Industrie - Ausrustungen GmbH
(Yangon Branch)

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) FRITZ WERNER
Industrie - Ausrustungen GmbH
(Yangon Branch)

**ဟိုးလီးတက် (ခ်) နော်လော်ဂျီ (စ်) ကုမ္ပဏီလီမိတက်**

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း
ပုဒ်မ ၂၀၆ (၁) အရ

(၇-၃-၂၀၁၇) နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူး အစည်းဝေးဆုံးဖြတ်ချက်အရ **ဟိုးလီးတက် (ခ်) နော်လော်ဂျီ (စ်) ကုမ္ပဏီလီမိတက် (HOLY TECH-NOLOGIES Company Limited)** အား (၇-၃-၂၀၁၇) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ပြီး ဒေါ်ခင်နွေးနွေးအောင် (C.P.A ၁၁၅၂) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် (၇-၃-၂၀၁၇) ရက်နေ့တွင် ခန့်အပ်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၄-၄-၂၀၁၇) နေ့တွင် နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံဆက်သွယ်ပြီး တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်နွေးနွေးအောင်
(C.P.A ၁၁၅၂)
တိုက် (၈)၊ အခန်း ၂၁၊ ဆောင်းဟေမန်အိမ်ရာ၊
၃၀ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

## လာဆို (စ်) ထရိတ်ဒင်းလီမိတက်၏ ဖျက်သိမ်းရန်ကြေညာချက်

၁။ **လာဆို (စ်) ထရိတ်ဒင်းလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၅-၃-၂၀၁၇) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊ မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဦးစိန်ဝင်း (B. Com, R.A, C.P.A) [၆/ထဝန (နိုင်) ၀၅၀၁၁၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Ms. Sulastri Luhar
မန်နေးဂျင်းဒါရိုက်တာ
La Source Trading Ltd.

ဦးစိန်ဝင်း
(B.Com, R.A, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Top Sein Win & Associate Consulting Co., Ltd.
တိုက် (၆)၊ အခန်း (၃၂၃)၊ ကျိုက္ကဆံအိမ်ရာ၊
မာလာနွယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၈၆၀၃၇၆၀။

## ရွှေမျိုးမြင့် ကုမ္ပဏီလီမိတက် ဖျက်သိမ်းရန်ကြေညာချက်

၁။ **ရွှေမျိုးမြင့် ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၆-၃-၂၀၁၇) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် ၁၈၀/၁၈၃၊ (၄) လွှာ၊ ၃၄-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ချိုချိုမြင့်၊ စာရင်းစစ်၊ [၈/ ခမန (နိုင်) ၀၀၆၅၇၆] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်တင်မမမျိုး
မန်နေးဂျင်းဒါရိုက်တာ
ရွှေမျိုးမြင့် ကုမ္ပဏီလီမိတက်

ဒေါ်ချိုချိုမြင့်
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## DIAMOND ROBUST TRAVELS & TOURS COMPANY LIMITED ၏

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် ကြေညာချက်

၁။ **DIAMOND ROBUST TRAVELS & TOURS COMPANY LIMITED** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၆-၃-၂၀၁၇) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက် ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် အမှတ် (၅၂)၊ ၄ လွှာ၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြိုင် [B. Com (A . A), C.P.A] [၁၂/ကမတ (နိုင်) ၀၁၈၈၆၇]၊ ဦးဉာဏ်ဝင်း (စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ဝင်) အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးမြိုင် [B. Com (A . A), C.P.A] နှင့် ဦးဉာဏ်ဝင်းထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

ဦးဉာဏ်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
ခိုင်ခံ့သောစိန် ခရီးသွား ကုမ္ပဏီလီမိတက်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ဝင်

ဦးမြိုင်
[B. Com (A .A), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၅၂)၊ ၄ - လွှာ၊
အိုးဘိုလမ်း၊ ကြည့်မြင်တိုင်။
ဖုန်းနံပါတ် ၀၁-၅၁၃၅၆၁

## NOTICE

Commencement of Winding Up of the Affairs of

## Hitachi Asia (Thailand) Company Limited (Yangon Branch)

In pursuant of the Ministry of National Planning and Economic Development's Press Release No. 2/94 dated 14th January, 1994, I hereby given notice that **Hitachi Asia (Thailand) Company Limited (Yangon Branch)** will commence the winding up its affairs in Myanmar on 17th March, 2017.

I, the undersigned Liquidator of the above named Company, have fixed 28th April, 2017 as the day on or before which the creditors of the Company are to prove their debts or claims otherwise they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below, before the above date.

Building No. C 1,
Room No. 005,
Ground Floor, Hninnsi Street,
Yuzana Highway complex,
Kamayut Township, Yangon, Myanmar.

U Papo Ganesan
[B.A (English), R. L]
Liquidator
Advocate (Registration No. 4647)
Khin Su Htay & Associates

ပ၊ ထ၊ န - အမှတ် ၆၆၃/၁၆/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၇-၃-၂၀၁၇။